EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၆) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( ဖေဖော်ဝါရီ ၁၈ ၊ ၂၀၁၉ )

## ကချင်ပြည်နယ်အတွက် အရေးကြီးအဆိုတွေ တင်ဖို့ အားနည်းနေသေးတဲ့ လွှတ်တော် ကိုယ်စားလှယ်များ

စာ - ၉ သို့ »



## တစ်သျှူးငှက်ပျောခြံအနီးရှိ နန့်မြစ်ခချောင်းတွင် ငါးများသေဆုံးမှုနှင့် ပတ်သက်၍ ဒေသခံများမကျေနပ်

စာ - ၅ သို့ »

## ခေါင်လန်ဖူးမြို့နယ် တွင် သောက်သုံးရေ ရရှိရေး လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း

စာ - ၂ သို့ »

## မိုင်းရှင်းလင်းရေး လုပ်ပြီးမှသာ မိမိနေရပ်သို့ ပြန်နိုင်မည်ဖြစ်ကြောင်း နမ္မတီးစစ်ရှောင်ပြည်သူများပြော

စာ - ၁၇ သို့ »

## 'ကုမ္ပဏီလည်း ပြည်သူပါပဲ' ဟု ပြောသည့် ဖားကန့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အလိုမရှိ

စာ - ၆ သို့ »

## အကျဉ်းကျနေသော ကချင်လူငယ် ၃ ဦးကို MUSHE ဆုပေးအပ်

စာ - ၃ သို့ »

## မြန်မာပြည် မြောက်ဖျားဘက်မှ တောင်ဘက်ဖျားထိ စက်ဘီးစီးခရီးနှင်နေသူ ဝင်းကိုကို



စာ - ၁၈ သို့ »

## ကချင်ရုပ်ရှင် ဇာတ်ကားကြီးကို အကယ်ဒမီ မြင့်မြတ်နဲ့ ပူတာအို ရေခဲတောင်ပေါ်မှာ ရိုက်ကူးမယ်



စာ - ၁၉ သို့ »

## ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အမည်ဖြင့် မြေများ အခမဲ့ခွဲဝေးပေးနေ



စာ - ၆ သို့ »




# ခေါင်လန်ဖူးမြို့နယ် ကျေးရွာ(၄)ရွာတွင် သောက်သုံးရေရရှိရေး လွှတ်တော်တွင်ကြယ်ပွင့်ပြမေးခွန်းမေးမြန်း

ဖေဖော်ဝါရီ ၁၅

ခေါင်လန်ဖူး မြို့နယ်ရှိ ကျေးရွာ(၄)ရွာတွင်သောက်သုံးရေ ခက်ခဲနေသဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန်အတွက် ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအားခီဆာက ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၄ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မေးခွန်းမေးမြန်းခဲ့ခြင်း ဖြစ်သည်။

ဦးအားခီဆာက "သောက်သုံးရေ အင်မတန်မှ ခက်ခဲတဲ့ ကျေးရွာများ ဖြစ်တယ်လို့ ပြည်သူများရဲ့ တင်ပြချက်အရ သိရှိရပါတယ်။ အမှန်တကယ်လည်းဒီကျေးရွာ(၄)ရွာဟာ အဝေးကနေ ခက်ခက်ခဲခဲ ခပ်ယူသုံးစွဲနေရတာ ယနေ့အချိန်ထိ ဖြစ်ပါတယ်။



အစိုးရအနေဖြင့် စိမ့်စမ်းရေ သွယ်ယူပေးပါက သောက်သုံးရေအတွက် အချိန်ကုန်ခံ အပင်ပန်းခံစရာမလိုဘဲ အလွယ်တကူ လုံလောက်စွာ ရေသုံးစွဲနိုင်မှာ ဖြစ်ပြီးတော့ ယင်းကျေးရွာမှာရှိတဲ့ မိဘပြည်သူများလည်း ကျန်းမာရေးအတွက်၊ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

အဆိုပါ ကျေးရွာ(၄)ရွာမှာ ရမန်ချီကျေးရွာအုပ်စုရှိ လာတီးကျေးရွာ၊ ပလာဝါးတော်ကျေးရွာနှင့် ညီဝမ်ထန်ကျေးရွာအုပ်စုရှိ တဆယ်ထုံကျေးရွာ၊ လုံးမခွမ်ဒမ်းကျေးရွာတို့ဖြစ်ပြီး သောက်သုံးရေရရှိရေးအတွက် ကျေးရွာတစ်ရွာတွင် ရေသွယ်လုပ်ငန်း(၁)မိုင်၊ ရေစုကန်(၁)ကန်စီခန့် စုစုပေါင်းရေသွယ်လုပ်ငန်း(၄)မိုင်နှင့် ရေစုကန်(၄)ကန်တို့ကို မိဘပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းကို သက်ဆိုင်ရာမှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိမရှိ မေးမြန်းခဲ့သည်။

လွှတ်တော် ကိုယ်စားလှယ်၏ မေးခွန်းသည်လည်း ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်ဟု စိစစ်တွေ့ရှိရသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဖြည့်စွက်ကဏ္ဍာ ရန်ပုံငွေ(သို့မဟုတ်) တင်ဒါပိုလျှံငွေတွင် ထည့်သွင်းလျာထားပေးနိုင်ရေး ကချင်ပြည်နယ် ဘဏ္ဍာအခွန် စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီးဌာနသို့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ဇန်နဝါရီ ၃၁ ရက်က တင်ပြထားပြီးဖြစ်ပြီး ရန်ပုံငွေ ရရှိသည့်အပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားခဲ့သည်။

"လွှတ်တော် ကိုယ်စားလှယ်(သို့မဟုတ်) ကိုယ်စားလှယ်ကတာဝန်ပေးတဲ့ လူတစ်ယောက်နဲ့ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးတို့ လိုက်ပါပြီး ကွင်းဆင်းစစ်ဆေးခြင်း၊ ခန့်မှန်းကုန်ကျငွေ၊ လုပ်ငန်းခွင်အတွက် ရွှေ့ပြောင်းမည့် ပစ္စည်းများ အလွယ်တကူ သယ်ယူနိုင်မှုရှိမရှိ စိစစ်ခြင်း၊ ဒေသအတွက် အကျိုးပေးနိုင်သည့် အလားအလာ ကုန်ကျသည့် ငွေတန်ဖိုးအပေါ် စိစစ်ဆောင်ရွက်ခြင်းများ ဦးစွာဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးနေလင်းထွန်း ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြောဆိုခဲ့သည်။

အဆိုပါ သောက်သုံးရေ ခက်ခဲနေသည့် ကျေးရွာ ၄ ရွာတွင် အိမ်ခြေ (၅၃) ခန့်ရှိပြီး လူဦးရေ (၄၀၀) နီးပါးခန့် ရှိကြောင်းလည်း သိရသည်။

Salai

# အကျဉ်းကျနေသော ကချင်လူငယ် ၃ ဦးကို MUSHE ဆုပေးအပ်

ဖေဖော်ဝါရီလ ၁၄




တိုက်ပွဲကြား ပိတ်မိပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြဦးဆောင်ခဲ့မှုကြောင့် ထောင်ဒဏ် ၆ လနှင့် ငွေဒဏ် ၅ သိန်း အသီးသီးချမှတ်ခံခဲ့ရသည့် ကချင်လူငယ် ၃ ဦးကို MUSHE အမည်ရှိ ဂုဏ်ပြုဆုကို ချီးမြှင့်ခဲ့ကြသည်။

ပိတ်မိပြည်သူများ လွတ်မြောက်လာရေးအတွက်ဆန္ဒပြဦးဆောင်ခဲ့သူ ဦးဇော်ဂျတ်၊ ဦးလွမ်းဇောင်း၊ ဒေါ်နန်ပူတို့ ၃ ဦးကို ဒီဇင်ဘာ ၇ ရက်နေ့က တပ်မတော်ကို အသရေပျက်စေမှုဖြင့် မြို့နယ်တရားရုံးမှ ငွေဒဏ် ၅ သိန်းနှင့် ထောင်ဒဏ်၆လ ချမှတ်ခဲ့ပြီး ၂ လကျော် အကြာတွင် ယခုကဲ့သို့ ဂုဏ်ပြုဆုကို ပေးအပ်ခံခဲ့ရခြင်းလည်း ဖြစ်သည်။

ဂုဏ်ပြုဆုပေးပွဲအား ဖေဖော်ဝါရီ၁၃ ရက်နေ့၁၀နာရီအချိန်က မြစ်ကြီးနားမြို့ မနောင်ကွင်းရှိ မဂ္ဂယ်ခန်းမတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဂုဏ်ပြုဆုကိုမိသားစုဝင်များက တက်ရောက်လက်ခံခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုဆုပေးအပ်ပွဲကို ကချင်အမျိုးသားများအတိုင်ပင်ခံအဖွဲ့နှင့် နိုင်ငံတကာရောက် ကချင်လူမျိုးများ စုပေါင်းထားသည့် World Kachin Congress တို့မှ ဦးဆောင်ကာ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"MUSHE" ဆိုသည့် ဂုဏ်ပြုဆုအမည်၏ အနက်အဓိပ္ပါယ်ကို "ကချင်လူမျိုးတွေ ဟိုအရင် နတ်စားဘဝတုန်းက ဘိုးဘွားတွေက အကူအညီတောင်းတဲ့ အချိန်မှာ ကူညီပေးခဲ့တဲ့ နတ်ကောင်းနတ်မြတ် ၆ ဦး ရှိခဲ့တယ် ၆ ဦးက ကချင်နာမည်နဲ့ပြောမယ်ဆိုရင် မာဂမ်၊ မာနော်၊ မာလ၊ မာတူး၊ မာတန်၊ မာယော်ပေါ့။ ဒီအထဲမှာ MUSHE ဆိုတဲ့ဟာက မာလတတိယမြောက် ဖြစ်တယ်။ သူက အရင် ဘိုးဘွားတွေက ကူညီပေးပါဆိုပြီး အကူအညီတောင်းခံတဲ့အချိန်မှာ မိုးကြိုးထစ်ချုန်းသံတွေနဲ့ တစ်ခါတည်းကို ချက်ခြင်းကူညီတဲ့အတွက်ကြောင့်မို့လို့ အခုလည်းစစ်ရှောင်အရေးကို ဦးဆောင်ပြီး ပြည်သူတွေ လိုအပ်နေတဲ့အချိန်မှာ ချက်ချင်း ကိုယ့်ရဲ့ ဖြစ်လာမယ့် အန္တရာယ်တွေကို မကြည့်ဘဲနဲ့ ကူညီပေးခဲ့တဲ့အတွက် MUSHE ဆိုတဲ့ အမည်နာမနဲ့ သူတို့ကိုချီးမြှောက်ခြင်းဖြစ်ပါတယ်"ဟု ပွဲဖြစ်မြောက်ရေး ကော်မတီဝင် ဆွတ်ဆိုင်းထွယ်က ရှင်းပြပြောဆိုသည်။

အကျဉ်းကျခံနေရသော ဦးဇော်ဂျတ်၏ ဇနီးဖြစ်သူကလည်း ဂုဏ်ပြုဆုကိုချီးမြှင့်သည့်အတွက် အလွန်ပင်ဝမ်းမြောက်မိကြောင်း မိမိ၏ အမျိုးသားဖြစ်သူ ထောင်မှပြန်လည် လွတ်မြောက်လာလျှင်လည်း လူမှုရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ရန် အားပေးသွားမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

"သူ့ရဲ့ကိုယ်စား ဒီဆုကို လက်ခံရရှိတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်တယ်။ ထောင်မှာရှိနေတဲ့ သူ့ကို ကျွန်မ ပထမဦးဆုံးအကြိမ် သွားတွေ့တဲ့အချိန်မှာ အပြစ်မရှိပေမယ့်လည်း သူ့ကို ထောင်အင်္ကျီနဲ့ မြင်ရတဲ့ အချိန်မှာ ကျွန်မအနေနဲ့ ဘာမှ မလုပ်ပေးနိုင်ဘူး။ ဘာမှ မလုပ်ပေးနိုင်တဲ့ အတွက် ကျွန်မစိတ်ထဲမှာ အရမ်းစိတ်မကောင်း ဖြစ်ရတယ်။ စိတ်မကောင်းဖြစ်တာက ဘာလဲဆိုတော့ ကိုယ်လုပ်နေတဲ့ လုပ်ငန်းမှာ သူ့အနေနဲ့ ဘယ်လို ပါဝင်ရပ်တည်နိုင်မယ်ဆိုတာကို ပိုပြီးတွေးတောမိလာတယ်။ ဒါကြောင့်မို့လို့ ထောင်ကနေ လွတ်လာတဲ့ အချိန်မှာလည်း ဒီထက် ပိုပြီးတော့ ဆက်ကပ်ပါဝင်နိုင်ပြီးတော့ သူပြန်ပြီးလုပ်ဆောင်လာမယ့် လူမျိုးရေးမှာလည်း ကျွန်မအနေနဲ့ တစ်ထောင့်တစ်နေရာကနေ ဆုတောင်းပေးပြီး သူနဲ့အတူ လက်တွဲပြီးတော့ လူမျိုးရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်ပြီး သူ့ကို ကူညီပံ့ပိုးသွားပေးမယ်လို့ ပြောချင်ပါတယ်။ MUSHE ဆုကို ချီးမြှင့်ပေးတဲ့သူတွေနဲ့ ကော်မတီဝင် အားလုံးကိုလည်း ကျေးဇူးတင် ဂါဝရပြုလိုက်ရပါတယ်"ဟု ဇနီးဖြစ်သူ ဒေါ်ဂျော်ဆန်နူးနူးက ပြောသည်။

ဂုဏ်ပြုဆုအား ဦးဇော်ဂျတ်ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ဂျော်ဆန်နူးနူး၊ ဦးလွမ်းဇောင်းကိုယ်စား မိခင်ဖြစ်သူ ဒေါ်လဒန်ထုနန်၊ ဒေါ်နန်ပူကိုယ်စား ဖခင်ဖြစ်သူ ဦးအင်ဘောင်နော်တို့က ဂုဏ်ပြုဆုကို အသီးသီး လက်ခံခဲ့ကြသည်။

ထို့အပြင် အကျဉ်းကျခံနေရသော ဦးလွမ်းဇောင်းကလည်း ယခုကဲ့သို့ ဂုဏ်ပြုဆုပေးအပ်သည့် ကိစ္စများနှင့် ပတ်သက်၍ ထောင်ထဲမှ စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။

အဆိုပါ စာထဲတွင် ဆုချီးမြှင့်ခြင်းကြောင့် ကျေးဇူးတင်မိကြောင်း၊ မိမိချစ်လှသော ပြည်သူလူထု၊ လူငယ်များ ချစ်ခင်လေးစားရသူများက တရားမျှတမှုအတွက်ဟူသည့် အမှတ်အသားအနေဖြင့် ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်မိကြောင်း ရေးသားဖော်ပြထားသည်။

"ဒီဆုကို ချီးမြှင့်ပေးတဲ့ အမှတ်အသားကတော့ နန်ပူ၊ လွမ်းဇောင်းနဲ့ဇော်ဂျတ်ကို ချီးမြှင့်တာမဟုတ်ဘူး။ တစ်မျိုးသားလုံး တရားမျှတရေးအတွက် သတ္တိရှိရှိ ရပ်တည်ပေးတဲ့သူ အားလုံးနဲ့ လူငယ်တွေ အားလုံးကိုယ်စား စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ သတ္တိရှိရှိ ရပ်တည်ဖို့ရန်အတွက် ချီးမြှင့်ပေးခြင်း ဖြစ်တယ်ဆိုတာကို ခံယူပါတယ်" ဟု ဦးလွမ်းဇောင်းက ရေးသားပေးပို့ခဲ့သည်။

salai

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
ဂိုရန်းဇေအကယ်ဒမီ
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဖားကန့် ⇌ မိုးညှင်း ⇌ ရန်ကုန်



မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၇:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဖျားဇရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဖားကန့် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇) ၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်၊ ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
PH ဘရန်ဂျာ၊ Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ဥရောပသမဂ္ဂက ပေးအပ်သော EU`s 2019 Schuman Awards ဆု ကို ဒေါ်နန်ပူရရှိ

ဖေဖော်ဝါရီ ၁၅

ဥရောပသမဂ္ဂ EU မှ နှစ်စဉ် ချီးမြှင့်သည့် EU`s 2019 Schuman Awards ဆုကို မြန်မာနိုင်ငံမှ ၃ ဦး ရရှိခဲ့သည့်အနက် ကချင်ပြည်နယ်မှ ကျားမရေးရာနှင့် ငြိမ်းချမ်းရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူ ဒေါ်နန်ပူလည်း ချီးမြှင့်ခံရသည်။

ဖေဖော်ဝါရီ ၁၄ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်နေအိမ်တွင် ဆုပေးပွဲပြုလုပ်ကာ ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂအဖွဲ့က မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကျား/မတန်းတူအခွင့်အရေးများ မြှင့်တင်ရေးတို့တွင် မိမိတို့ဘဝကို မြှုပ်နှံကာ စွမ်းစွမ်းတမံလုပ်ဆောင်ခဲ့သည့် ပုဂ္ဂိုလ် ၃ ဦးကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း European Union in Myanmar ၏ Facebook စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

ဆုရရှိခဲ့သူများမှာ ကချင်ပြည်နယ်မှ ဒေါ်နန်ပူ၊ ရခိုင်ပြည်နယ်မှ ဦးအောင်ကျော်စိုးနှင့် ရှေ့နေ ဦးရောဘတ်စန်းအောင်တို့ ဖြစ်သည်။ ဒေါ်နန်ပူသည် ကျား/မရေးရာနှင့် ငြိမ်းချမ်းရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူဖြစ်ပြီး ဦးအောင်ကျော်မိုးသည် ငြိမ်းချမ်းရေးအတွက် တက်ကြွစွာ လှုပ်ရှားဆောင်ရွက်သူဖြစ်ကာ ဦးရောဘတ်စန်းအောင်သည် လူ့အခွင့်အရေးကို ကာကွယ်ပြောဆိုသူဖြစ်သည်။

ဒေါ်နန်ပူသည် အရပ်ဘက်အဖွဲ့အစည်း တစ်ခုဖြစ်သည့် ထွယ်ဂျဲန်ဒါမှ ဒါရိုက်တာတစ်ဦးဖြစ်ပြီး သူမသည် တိုက်ပွဲများကြောင့် ပိတ်မိနေသည့် စစ်ရှောင်ပြည်သူများကို ကူညီရန် ဆန္ဒပြမှုတွင် ဦးဆောင်သူတစ်ဦးအနေဖြင့် ပါဝင်ခဲ့မှုကြောင့် ဒီဇင်ဘာလ ၇ ရက်နေ့က ထောင်ဒဏ်၆လ ကျခံထားရသူဖြစ်သည်။

"ဒီညမှာ ကျွန်တော်တို့ပေးမယ့်ဆုဟာ ရဲစွမ်းသတ္တိရှိသူတွေကို လေးစားဂုဏ်ပြုစိတ်နဲ့ပေးတဲ့ဆုဖြစ်ပါတယ်။ ဒီည ဆုရရှိသူတွေကတော့ ကိုယ်တိုင် ဖွင့်ပြပြောဆိုဖို့ အင်အားမရှိသူတွေ ကိုယ်စား ရှေ့ထွက်ပြောဆိုပေးတဲ့၊ အားနည်းသူတွေဘက်က ရပ်တည်ပေးတဲ့၊ အခြေခံလူ့အခွင့်အရေးတွေ ရရှိအောင် ရှေ့ကနေ တောင်းဆိုပေးတဲ့၊ သူတို့အတွက် မဟုတ်ဘဲ လူသားအားလုံး အကျိုးအတွက် တောင်းဆိုပေးခဲ့ကြတဲ့ လူအများကြီးထဲက ထင်ရှားပြီး ပေါ်ထွက်လာတဲ့ လူပုဂ္ဂိုလ် သုံးဦးပဲ ဖြစ်ပါတယ်" ဟု ဥရောပသမဂ္ဂသံအမတ် မစ္စတာခရစ္စရှန်ရှမစ်က ဆုပေးပွဲအခမ်းအနားတွင် ပြောသည်။

ယခုကဲ့သို့ EU`s Schuman Awards ဆု ချီးမြှင့်သည်မှာ ၃ ကြိမ်မြောက်ရှိပြီဖြစ်ပြီး ၂၀၁၇ ခုနှစ် ပထမအကြိမ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးကိုနီ (ကွယ်လွန်)၊ ငြိမ်းဖောင်ဒေးရှင်းမှ ဒေါ်ဂျာနန်နှင့် iE-quality Myanmar မှ အမှုဆောင်ဒါရိုက်တာ ဦးအောင်မျိုးမင်းတို့ ရရှိခဲ့သည်။

၂၀၁၈ ခုနှစ်တွင်မူ Myanmar Now အယ်ဒီတာချုပ် ကိုဆွေဝင်း၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ မချယ်ရီဇာဟောင်နှင့် အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူ ဒေါ်ခင်သန်းထွေးတို့ကို အသီးသီးချီးမြှင့်ခဲ့သည်။

Salai




# စစ်ရှောင်များ နေရပ်ပြန်နိုင်ရေး ကေဘီစီကြိုးပမ်းနေ

ဖေဖော်ဝါရီ ၁၅

စစ်ရှောင် ပြည်သူများ နေရပ်ပြန်နိုင်ရေး အတွက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)နှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC)တို့ တရားဝင်တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ တပ်မတော်နှင့် ကေအိုင်အိုတို့အကြား တရားဝင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီး စစ်ရှောင်များ မိမိနေရပ်တို့ ပြန်လည်နေထိုင်နိုင်သည့် နေရာဒေသများကို ရွေးချယ်ကာ နေရပ်ပြန်နိုင်သည့်နေရာများ ရရှိလာပါက(KBC)နှင့် NRPC တွေ့ဆုံသွားမည် ဖြစ်ကြောင်း ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)ဥက္ကဋ္ဌ ဒေါက်တာခလမ်ဆမ်ဆွန်က ပြောသည်။

"ကေဘီစီနဲ့ NRPC တရားဝင်တွေ့ဖို့ရှိတယ်။ တရားဝင် တွေ့ပြီးတဲ့နောက်မှာ တပ်မတော်နဲ့ ကေအိုင်အေကလည်း ပြန်နိုင်မယ့်နေရာဒေသကို သူတို့ရွေးချယ်မှာ သူတို့ ရွေးချယ်ပြီးတဲ့နေရာတွေမှာ ကျွန်တော်တို့က နေရပ်ပြန်နိုင်ရေးကို လုပ်သွားဖို့ လုပ်နေတာပေါ့။ တစ်ခါ အလွတ်သဘော တွေ့ပြီးပြီ။ တရားဝင်တွေ့ဖို့က မတ်လ လဆန်းပိုင်းလောက် တွေ့ဖြစ်မယ်"ဟု ဒေါက်တာခလမ်ဆမ်ဆွန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို့အပြင် KBC အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်နေ့က မြန်မာနိုင်ငံဆိုင်ရာ ဥရောပ သံအမတ်ကြီး Kristan Schmidt နှင့် တွေ့ဆုံပြီး စစ်ရှောင်ပြည်သူများ နေရပ်ပြန်ရေးနှင့် မြစ်ဆုံအရေး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်းလည်း သိရသည်။

"အဓိက ဆွေးနွေးဖြစ်တာကတော့ IDPs နေရပ်ပြန်ရေးပါပဲ။ အဲ့မှာ အီးယူက ဘယ်လိုပါဝင်မယ်ဆိုတာကို ဆွေးနွေးတိုင်ပင်တာပါ။ သူတို့ဘက်ကတော့ အခုလည်း အများကြီးပါဝင်နေတဲ့အဖွဲ့ ဖြစ်တယ်ဆိုတော့ အခု နေရပ်ပြန်ရေးမှာလည်း သူတို့က ပါဝင်မယ်ဆိုတာကို ဆွေးနွေးတာပေါ့။ အစီအစဉ်ကောင်းကောင်း လုပ်ရမယ်။ နေရပ်ပြန်ရေးမှာ လုံခြုံစိတ်ချစွာနဲ့ မိမိရဲ့ဆန္ဒအရ ပြန်ရေးကို ကြိုးစားပေးရမယ် ဆိုတဲ့အကြောင်းတွေ ဆွေးနွေးတယ်"ဟု ဒေါက်တာခလမ်ဆမ်ဆွန်က ပြောသည်။

မြစ်ဆုံကိစ္စတွင်လည်း အီးယူအနေဖြင့် တရုတ်၏ လုပ်ငန်းကို ပူပန်မှု ရှိသော်လည်း ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကြောင့် ကွင်းဆက်ဖြစ်မည့် အကျိုးဆက်များကို သဘောပေါက်နားလည်ရန် လိုအပ်ကြောင်းတို့ကို ဆွေးနွေးဖြစ်ခဲ့သည်ဟု သိရသည်။



Salai

# တစ်သျှူးငှက်ပျောခြံအနီးရှိ နန့်မြစ်ခချောင်းတွင် ငါးများသေဆုံးမှုနှင့် ပတ်သက်၍ ဒေသခံများမကျေနပ်



မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၁၄

ဝိုင်းမော်မြို့နယ် အောင်မြေ(၂)ကျေးရွာ တရုတ်တစ်သျှူးငှက်ပျော်ခြံအနီးရှိ နန့်မြစ်ခချောင်းတွင် ငါးများ အကြောင်းအရင်းမရှိ သေဆုံးနေကြောင်း ဒေသခံများထံမှ သိရသည်။

ချောင်းအတွင်းရှိ ငါးများ အကြောင်းမဲ့သေဆုံးမှုသည် ချောင်းအနီးရှိ တရုတ်တစ်သျှူးငှက်ပျောခြံတွင် အသုံးပြုသော ပိုးသတ်ဆေးများ ချောင်းအတွင်းသို့ ယိုဖိတ်မှုကြောင့် ဖြစ်နိုင်ကြောင်းအောင်မြေ(၂)ကျေးရွာ ဒေသခံများက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ဒီဟာကျတော့ ကုမ္ပဏီက လုပ်သလား၊ ကြားက အလုပ်သမားလုပ်သလား ကျွန်တော်တို့လည်း ကောင်းကောင်းမသိဘူး။ ကျွန်တော်တို့ဒေသမှာ ကျွန်တော်တို့ မှီခိုနေတဲ့ချောင်းကို ဒီတိုင်းရက်ရက်စက်စက်လုပ်လိုက်တာ ကျွန်တော်တို့ဒေသခံတွေက လုံးဝမကျေနပ်ဘူး။ ဒါက အင်မတန်မှ စွမ်းတဲ့ဆေး ခတ်တယ်လို့ပဲကျွန်တော်တို့ ယူဆတယ်ဟု “ဦးလဂွေတိန့်ယိန်းက ပြောသည်။

ဒေသခံများက နန့်မြစ်ခချောင်းကို စိုက်ပျိုးမွေးမြူရေးအတွက် အဓိကအသုံးပြုနေရပြီး ချောင်းအတွင်းရှိ ငါးများ မျိုးတုံးသွားရုံသာမက ချောင်းရေများ အသုံးပြု၍ မရတော့ပါက အခက်အခဲများ ရှိလာနိုင်ကြောင်းနှင့် ချောင်းရေကို သောက်သုံးနေကြသော တိရစ္ဆာန်များအတွက်လည်း အန္တရာယ်ရှိလာနိုင်ကြောင်း ဦးလဂွေတိန့်ယိန်းက ဆက်လက်ပြောသည်။

“ကျွန်တော်တို့တွေက အခင်းသွားပြီဆိုရင်လည်း ဒီချောင်းကိုပဲ အသုံးပြုနေကြရတာ။ အရင်ကဆိုရင် ငါးတွေကအများကြီးပဲ။ အခုက ရေထဲကငါး မပြောနဲ့ မြေတွင်းမှာနေတဲ့ ငါးရှဉ့်တွေ၊ ဂဏန်းတွေကအစ အကုန်သေပြီ။ ရေလည်း အရမ်းနံတယ်။ ရေလာသောက်တဲ့ နွားတွေတောင် အသက်အန္တရာယ် စိုးရိမ်ရတယ်”ဟု ၎င်းက ပြောသည်။

အောင်မြေ(၂) ကျေးရွာရှိဒေသခံများသည် ငွေကြေးအခက်အခဲများကြောင့် တရုတ်ကုမ္ပဏီများထံ အခင်းများ ငှားရမ်းလိုက်သော်လည်း၎င်းတို့နှင့်ဒေသခံများအကြား မြစ်၊ချောင်းနှင့် မြစ်ချောင်းအတွင်းတွင်ရှိသော ရေနေသတ္တဝါများ မထိခိုက်၊ မပျက်စီးရန် ထိန်းသိမ်းစောင့်ရှောက်ပေးရေး ဟူသည့် ကတိကဝတ်ပြုစာချုပ်များ ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

ထို့အပြင် တရုတ်ကုမ္ပဏီဘက်မှလည်း ရေနေသတ္တဝါများ မထိခိုက်မပျက်စီးရန် ငါးမျိုးစိတ်များကိုလည်း ပြန်လည် ထည့်သွင်းပေးမည်ဟု ဆိုကာ ဒေသခံများကို ပြောဆိုထားခဲ့သောလည်း လက်တွေ့တွင် ဆောင်ရွက်ပေးခြင်းမရှိကြောင်း ဒေသခံဦးဆိုင်းလီက ပြောသည်။

“ရွာမှာရှိတဲ့ တောတောင်တွေ၊ ချောင်းတွေ၊ ချောင်းကငါးတွေ မပျက်စီးအောင် အဲ့ဒါမျိုးတွေ ပါတဲ့စာချုပ်ကို တရုတ်တွေနဲ့ ချုပ်ခဲ့တယ်။ သူတို့က ကတိပေးတယ်။ ချောင်းမှာတောင် ငါးမျိုးစိတ်တွေ ပြန်လွှတ်ထည့်ပေးမယ်လို့၊ ဒါပေမဲ့ ဒီနေ့ထိဘာမှ အလုပ်ပေးဘူး”ဟု ၎င်းက ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး မြစ်ချောင်းအနီးတွင်ရှိသော တရုတ်ငှက်ပျောကုမ္ပဏီမှ တာဝန်ယူကြီးကြပ်စေလိုကြောင်း ဒေသခံဦးဆိုင်းလီက ဆက်လက်ပြောသည်။

“ရေချောင်းအနီးတွေမှာ ရော ငှက်ပျောခြံမှာသုံးတဲ့ မြေဩဇာတွေ၊ ဆေးဘူးတွေ ဒီအတိုင်း ပစ်ထားတာတွေ တွေ့တယ်။ ဒါကြောင့်မို့ တရုတ်ငှက်ပျောခြံအနေနဲ့ ရော တာဝန်ယူပေးစေချင်ပါတယ်”ဟု ဦးဆိုင်းလီမှ ပြောသည်။

တရုတ်ငှက်ပျောကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက “ကျွန်တော်တို့လုပ်တာ မဟုတ်ဘူး။ ဘယ်သူလာလုပ်သွားတယ်ဆိုတာလည်း မသိဘူး။ တရုတ်ငှက်ပျောခြံကြောင့်ဆိုရင် မြေဩဇာ ဆေးထည့်တဲ့လူကို ရှာပြီး သက်သေယူခဲ့ ကျွန်တော်တို့ဘက်ကလူတွေ ထည့်တာ သက်သေ ပြနိုင်ရင်တော့ တာဝန်ယူပေးနိုင်တယ်” ဟု တရုတ်အမျိုးသားက ပြောသည်။

ယခုကိစ္စနှင့် ပတ်သက်၍ နယ်မြေကွင်းဆင်းလေ့လာမှု မပြုလုပ်ရသေးကြောင်းနှင့် ယခင်နှစ်များတွင် ငါးရှော့ခ်တိုက်၍ ငါးသေဆုံးသည့် ဖြစ်ရပ်များ ရှိခဲ့သောကြောင့် အတိအကျ ပြောဆိုနိုင်ခြင်း မရှိကြောင်း အောင်မြေ(၂)ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်ဘောက်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ကျွန်တော်တော့ သတင်းကြားတာ နှစ်ရက်လောက်တော့ ရှိပြီ။ ကိုယ်တိုင်တော့ သွားမကြည့်ရသေးဘူး။ နောက်ကျရင်တော့ ကာကွယ်တားဆီးမှုတွေလုပ်ရမှာပေါ့”ဟု ၎င်းက ပြောသည်။

ယင်း နန့်မြစ်ခချောင်းသည် အောင်မြေ(၁)ကျေးရွာ၊ အောင်မြေ(၂)ကျေးရွာနှင့် ရွှေညောင်ပင်ကျေးရွာမှ ရွာသူရွာသားများ အဓိကအားထားရသော တောင်ကျချောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

အောင်မြေ (၂)ကျေးရွာတွင် တရုတ်ငှက်ပျောခြံသည် ယခင်နှစ်မှစပြီး ဝင်ရောက် လုပ်ကိုင်လျက်ရှိပြီး ငှက်ပျောစိုက်ခင်း ဧက ၂၀၀ ခန့် ရှိကြောင်းလည်း သိရသည်။

Ah Je/ Ann

## Editorial
## အယ်ဒီတာ့အာဘော်

### ဖေဖဝါရီလရဲ့ အထင်ကရနေ့စွဲများ

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ကြည့်လိုက်ရင် ဖေဖော်ဝါရီလဟာ အထင်ကရ နေ့စွဲများနဲ့ ပြည့်နေပါတယ်။

သမိုင်းဝင် ပင်လုံညီလာခံအကြို ဆွေးနွေးပွဲကို ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာရွာမှာ ကချင်ကိုယ်စားလှယ်တွေက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။

အဲ့ဒီနောက် အနာဂတ်ပြည်ထောင်စု မဖွဲ့စည်းခင် ကြားဖြတ်ကာလမှာ တောင်တန်းနဲ့ပြည်မ ဘယ်လိုပူးပေါင်းကြမလဲ ဆိုတာကို ဆွေးနွေးတိုင်ပင်ဖို့ ရှမ်းစော်ဘွား ကိုယ်စားလှယ်တွေ၊ ရှမ်းလူထုကိုယ်စားလှယ်တွေနဲ့ ကချင်ခေါင်းဆောင်တွေက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်နေ့ ပင်လုံမြို့မှာ တွေ့ဆုံခဲ့ကြပြီး၊ ဖေဖော်ဝါရီ ၇ ရက်နေ့မှာတော့ ရှမ်းနဲ့ ကချင် ကော်မတီက သူတို့ရဲ့ ဆုံးဖြတ်ချက်တွေကို ချင်းကိုယ်စားလှယ်အဖွဲ့နဲ့ တွေ့ဆုံရှင်းပြပြီး အားလုံးသဘောတူခဲ့ကြတာပါ။

ပင်လုံညီလာခံကို ဖေဖော်ဝါရီ ၈ ရက်နေ့က စတင်ကျင်းပခဲ့ပြီး ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာတော့ ဗိုလ်ချုပ်အောင်ဆန်းက ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်တွေရဲ့ သဘောတူညီဆုံးဖြတ်ချက် ၅ ချက်ကို ပြန်လှန်ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီး၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့နေမှာ သဘောတူခဲ့ပါတယ်။ အဲ့ဒီနောက် ၁၉၄၇ ခုနှစ် ဖေဖဝါရီလ ၁၂ ရက်နေ့မှာ သဘောတူညီချက်ပေါင်း ၉ ချက် နဲ့ အတူ သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို သဘောတူ ချုပ်ဆိုခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။

တစ်ပြည်ထောင်လုံးမှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံရဲ့ သွေးစည်းညီညွတ်မှုကို ပြသနိုင်ခဲ့လို့ အဲ့ဒီ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့လို့ သတ်မှတ်ပြီး ဒီနေ့အချိန်ထိ ကျင်းပလာခဲ့တာဟာ ၇၂ ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။

ဦးဘ၊ ဒေါ်စုက မွေးထုတ်ခဲ့ပြီး မွေးချင်းမောင်နှမ ၉ ယောက်ထဲမှာ အငယ်ဆုံးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို နတ်မောက်မြို့၊ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွေးဖွားခဲ့တာကို နိုင်ငံသားအားလုံး မမေ့သင့်ပါဘူး။

ဒီနေ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာပဲ တိုက်ပွဲကြား ပိတ်မိပြည်သူတွေ လွတ်မြောက်ရေးအတွက် ဆန္ဒပြခဲ့ပြီးတပ်မတော်ရဲ့ တရားစွဲဆိုမှုကြောင့် ထောင် ၆လ နဲ့ ငွေဒဏ် ၅ သိန်းကျခံခဲ့ရတဲ့ ကချင်လူငယ်ခေါင်းဆောင် သုံးဦးဖြစ်တဲ့ ဒေါ်နန်ပူ၊ ဦးဇော်ဂျတ်နဲ့ ကိုလွမ်းဇောင်းတို့ကို MUSHE ဆိုတဲ့ ဂုဏ်ပြုဆုကို World Kachin Congress ကဦးဆောင် ချီးမြှင့်ခဲ့ပါတယ်။

နောက်ပြီး ဥရောပသမဂ္ဂက ကျား/မရေးရာနဲ့ ငြိမ်းချမ်းရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူ ဒေါ်နန်ပူ၊ ငြိမ်းချမ်းရေးအတွက် တက်ကြွစွာ လှုပ်ရှားဆောင်ရွက်သူ ဦးအောင်ကျော်မိုးနဲ့ လူ့အခွင့်အရေးကို ကာကွယ်ပြောဆိုနေတဲ့ ရှေ့နေဦးရောဘတ်စန်းအောင်တို့ကို EU's 2019 Schuman Awards တွေကို ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာ ချီးမြှင့်ပြန်ပါတယ်။

၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ ကေအိုင်အိုကို ဖွဲ့စည်းပြီး တော်လှန်ရေးကို စတင်ခဲ့ကာ တစ်နှစ်ကျော်အကြာ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ ကေအိုင်အေကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီနောက် ဖေဖော်ဝါရီလ ၅ ရက်နေ့ကို ကချင်တော်လှန်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ဒီနေ့အထိ ကျင်းပနေဆဲပါ။

နောက်ပြီး ရှမ်းအမျိုးသားနေ့ကို ဖေဖော်ဝါရီလ ၇ ရက်နေ့မှာကျင်းပလာခဲ့တာ ဒီနေ့ ၇၂ ကြိမ်တိုင်ခဲ့ပြီဆိုတာကိုလည်း မေ့လို့ မရနိုင်ပါဘူး။

ခေတ်သစ်သမိုင်းလို့ ဆိုလို့ရတဲ့ နေ့ကတော့၊ ရှေ့နေဦးကိုနီကို ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့မှာ မွေးဖွားခဲ့တာပါ။ သူဟာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်နေ့ ရန်ကုန်နိုင်ငံတကာ လေဆိပ်မှာ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရပါတယ်။ ဒီလူသတ်မှုကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ အမိန့်ချမှတ်ခဲ့ပါတယ်။ ဒါ သမိုင်းပါ။

ကချင်ပြည်နယ်ရဲ့ ပထမဆုံး လွတ်လပ်တဲ့ မြစ်ကြီးနားသတင်း ဂျာနယ်ကိုလည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ စတင်ရုံးထိုင်ခဲ့တယ်ဆိုတာ တင်ပြရင်း အထင်ကရနေ့စွဲများအဖြစ် ဖေဖော်ဝါရီလကို မှတ်တမ်းတင်လိုက်ရပါတယ်။

# ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ ဖြိုးရေးပါတီအမည်ဖြင့် မြေများ အခမဲ့ခွဲဝေးပေးနေ



ဖေဖော်ဝါရီ ၁၄

မိုးကောင်းမြို့နယ် လွယ်လီယန်ကျေးရွာအုပ်စု မရန်ကထောင်ရှိ မြေကွက်ဧက ၁၀၀၀ ကို အိမ်ခြံမြေပိုင်ဆိုင်မှုမရှိသည့် ပြည်သူအယောက် ၁၀၀၀ အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနာမည်ဖြင့် မြေခွဲဝေပေးနေမှုများ ရှိနေကြောင်း သိရသည်။

အိမ်ခြံကွက် တစ်ကွက်လျှင် အကျယ် ၈၀ × ၆၀ ရရှိမည်ဖြစ်ပြီး မြေရယူရန်အတွက် စာရင်းပေးသွင်းရာတွင် မိမိ၏ မှတ်ပုံတင်မိတ္တူ တစ်ခု၊ မိခင်နာမည်နှင့် မိမိလိုင်စင်ဓာတ်ပုံ ၃ ပုံသာ လိုအပ်ကြောင်းနှင့် မှတ်ပုံတင်မရှိပါက မိဘနှစ်ပါးအမည်၊ မိမိဓာတ်ပုံ၃ပုံနှင့် မှတ်ပုံတင်လျှောက်ထားဆဲ ထောက်ခံစာဖြင့်လည်း လာရောက်စာရင်းသွင်းနိုင်ကြောင်း သိရသည်။

လွယ်လီယန် ကျေးရွာသည် လီဒိုလမ်းမကြီးဘေးတွင် တည်ရှိသော ကျေးရွာဖြစ်သဖြင့် ယင်းလမ်းမဘေးတွင် သစ်ပင်ခြုံနွယ်များကြောင့် ခိုးဆိုးလုယက်သူ၊ မူးယစ်ဆေးဝါး သုံးစွဲသူများ၏ အခွင့်အရေးဖြစ်နေသည့်အတွက် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်မှုများမရှိဘဲ လုံခြုံစွာ သွားလာနိုင်ရန် လူနေအိမ်ဝင်းများ ထားရှိကာ ရွာကြီးတစ်ရွာအဖြစ် ပြောင်းလဲသွားရန် ရည်ရွယ်ချက်ဖြင့် မြေများကို ခွဲဝေနေကြောင်း မြေကွက်ရရှိရေး ဆောင်ရွက်ပေးနေသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဒေါ်နန်ဘန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ မြေကွက်များကို ဖားကန့်၊ ပူတာအို၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ နမ္မတီး အစရှိသည့် ဒေသများမှ ပြည်သူများလာရောက်ကာ နာမည်စာရင်းပေးသွင်းကြပြီး ယခုလ ၁၃ ရက်နေ့အထိ လူဦးရေ ၆၀၀ ဝန်းကျင်ခန့် ရှိပြီဖြစ်ကြောင်း၊ အိမ်ခြံမြေမရှိဘဲ ဒုက္ခရောက်နေသည့်သူမည်သူမဆို လာရောက်လျှောက်ထား ရယူနိုင်ကြောင်း ဒေါ်နန်ဘန်က ဆက်လက်ပြောသည်။

"တကယ်လို့ မှတ်ပုံတင်ပျောက်လို့ ရုံးမှာသွားလုပ်မယ်ဆိုရင် ဒဏ်ငွေအနေနဲ့ သုံးသောင်းခွဲ ပေးရတယ်။ ဒီမှာက မှတ်ပုံတင်ပျောက်သွားတဲ့သူနဲ့ အိမ်ထောင်စုလိုချင်တဲ့သူ ဆိုရင်လည်း ပိုက်ဆံတစ်ပြားမှ မကောက်ဘဲ ရအောင်လုပ်ပေးပါတယ်"လို့လည်းဒေါ်နန်ဘန်က ဆက်ပြောသည်။

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် စစ်ရှောင်စခန်းများတွင် တိမ်းရှောင်နေထိုင်ကြသော ဒုက္ခသည်များကိုလည်း မြေများခွဲဝေပေးရန် သဘောတူထားသောကြောင့် စစ်ရှောင်ပြည်သူများလည်း လာရောက်စာရင်းပေးနိုင်ကြောင်း သိရသည်။

အဆိုပါ မြေခွဲဝေပေးမှုနှင့်ပတ်သက်၍ မရန်ကထောင်ရာအိမ်မှူး ဦးလဗျဘောက်နော်က "အုပ်ချုပ်ရေးဆိုက်ဘက်က ဝင်လာတဲ့ကိစ္စမဟုတ်ဘူး။ ကြံ့ခိုင်ရေးပါတီက သူတို့ပါတီဝင်မယ်ဆိုတဲ့သူတွေကို မြေခွဲပေးမယ်ဆိုပြီး စည်းရုံးရေးဆင်းတဲ့ သဘောပဲဖြစ်တယ်" ဟု ပြောသည်။

မြေကွက် လျှောက်ထားသူများကို လာမည့် ၂၈ ရက်နေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသိန်းဇော်ကိုယ်တိုင်လာရောက်ပြီး မြေခွဲဝေခြင်းနှင့် ပတ်သက်သည့် အကြောင်းများကို ရှင်းပြပြောဆိုမည်ဖြစ်ကြောင်း ဒေါ်နန်ဘန်ထံမှ သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ မြစ်ကြီးနားခရိုင်ဥက္ကဋ္ဌ ဦးထွန်းဖေထံ ဆက်သွယ်မေးမြန်းကြည့်ရာ "မိုးကောင်းကဥက္ကဋ္ဌလည်း မသိဘူးတဲ့။ အဲဒီဘက်မှာ ကျွန်တော်တို့ပါတီပိုင်မြေ မရှိဘူးနော်။ တစ်ခုခု နားလည်မှုလွဲတာဖြစ်မယ်။ ဘယ်သူကများ ကျွန်တော်တို့ ပါတီနာမည်နဲ့ အဲဒီလိုလုပ်နေလဲမသိဘူး။ အဲဒီဘက်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီပိုင်မြေရှိတယ်လို့လည်း မကြားဖူးပါဘူး"ဟု ငြင်းဆန်ပြောဆိုသည်။

မွန်းမွန်းပန်

# "ကုမ္ပဏီလည်း ပြည်သူပါပဲ" ဟု ပြောသည့် ဖားကန့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အလိုမရှိ

ဖေဖော်ဝါရီ ၁၅

ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးအား အယုံအကြည်မရှိဟုဆိုကာ ဖားကန့်ဒေသခံ ၁၇ ဦး တို့က မြစ်ကြီးနားမြို့တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ဆန္ဒထုတ်ဖော်ခဲ့သည်။

"ကုမ္ပဏီလည်း ပြည်သူပါပဲဟုပြောသည့် ဖားကန့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အလိုမရှိ" ဟူသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ မြစ်ကြီးနားမြို့ တရားရုံးမီးပွိုင့်လမ်းဆုံမှ ပြည်သူ့အားကစားကွင်းရှေ့ အထိ လှည့်လည် ဆန္ဒပြခဲ့ကြသည်။

"ပြဿနာ ဖြစ်တဲ့အခါမှာလည်း ပြည်သူဘက်ကို ရပ်တည်တာ မတွေ့ရဘူး။ ကုမ္ပဏီဘက်က ရပ်တည်တယ်။ လုံးခင်းအောက်ချိုင့်ဂန္ဓဝင်ရပ်ကွက် ရေမြုပ်ခံရတဲ့ ကိစ္စမှာလည်း ကုမ္ပဏီရဲ့ မတရားမှုကို သူမသိချင်ယောင် ဆောင်ထားတယ်။ ပြည်သူတွေကိုကျတော့ အပြစ်ပြောတယ်။ ဒါ ကုမ္ပဏီဘက်ကို ကာဗာပေးတယ်လို့ သဘော သက်ရောက်ပါတယ်"ဟု ဆန္ဒပြဦးဆောင်သူ ဦးထွန်းထွန်းက ပြောသည်။

ယင်းအပြင် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီနှင့် အလုပ်သမားများ လုပ်ခလစာများအငြင်းပွားရာတွင် ကုမ္ပဏီဘက်မှ ရပ်တည်သူဖြစ်သည်ဟု ဦးထွန်းထွန်းက ပြောဆိုသည်။

ဆန္ဒထုတ်ဖော်မှု အပေါ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးက လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ် အခန်းကဏ္ဍအနေဖြင့် ဆုံးဖြတ်ချက်ချ၍ မရကြောင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့ကသာ ကိစ္စတစ်ခုပေါ်တွင် အဆုံးအဖြတ်ပေးနိုင်ကြောင်း၊ လုပ်ခလစာအရေးနှင့် ပတ်သက်၍လည်း ညှိနှိုင်းပေးရုံသာ လုပ်ဆောင်ပေးခဲ့ကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"လွှတ်တော် ကိုယ်စားလှယ်ဆိုတာက အဓိကကတော့ ဥပဒေပြုရေး တာဝန်ပဲ။ ပြည်သူတွေက ရွေးကောက်ထားတာ ဖြစ်တဲ့အတွက် ပြည်သူတွေနဲ့ ဖြစ်လာတဲ့ ပြဿနာတွေမှာ ကျွန်တော်တို့ ကြားကနေ အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးတယ်။ ကျွန်တော်တို့က အစိုးရအဖွဲ့ မဟုတ်တဲ့အခါကျတော့ဘယ်လိုလုပ်ပေးလိုက်ပါလို့ ပြောဖို့ ကျွန်တော်တို့မှာ တာဝန်မရှိဘူး"ဟု ဦးတင့်စိုးက ပြန်လည်ရှင်းပြသည်။



"ကုမ္ပဏီလည်း ပြည်သူပါပဲ"ဟူသော စကားရပ်ကို မိမိအနေဖြင့် တာဝန်ယူကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်က လက်လုပ်ကျင်း သံတိုင်ဖြင့် တူးခဲ့ကြသည့် အခြေခံလူတန်းများမှာ ယခုအချိန်တွင် ကုမ္ပဏီပိုင်ရှင်များ ဖြစ်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကုမ္ပဏီသည်လည်း ပြည်သူဖြစ်နိုင်ကြောင်း ဆက်လက်ပြောဆိုသည်။

ဆန္ဒပြဦးဆောင်သူ ဦးထွန်းထွန်းသည် မြစ်ကြီးနားသို့ ဆန္ဒလာရောက်ဖော်ထုတ်သည်မှာ နှစ်ကြိမ်ရှိပြီဖြစ်ပြီး ၂၀၁၈ ဧပြီလ ၂ ရက်နေ့ကလည်း ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု အမှတ်(၅) အောက်ချိုင့်ရပ်ကွက်ရှိ အိမ်ခြေသုံးဆယ်၏ မြေနေရာအား ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ နှစ်ခုမှ လျော်ကြေးမပေးဘဲ လုပ်ကွက်ဆွဲခဲ့သည်ဟု ဆိုကာ မြစ်ကြီးနားတွင် တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်ခဲ့သည်။

စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(ဖေဖော်ဝါရီ ၁၈ ၊ ၂၀၁၉)

# မူဆယ်က ကချင်မလေးစောမူ

အင်ခိုင်ဘွမ် ရေးသားသည်။




ကိုခင်ညိုသည် စိတ်ကူးယဉ်တတ်သော စစ်သားတစ်ဦး။ ဝတ္ထုများတွင် ဖတ်ရသော အချစ်၏ ဆန်းကြယ်မှုများ၊ ရုပ်ရှင်များတွင် ကြည့်လိုက်ရသော မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ဖူးစာရှင်ဆိုသည်များကို နှစ်ခြိုက်သူဖြစ်သည်။ ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကိုခင်ညိုသည် မူဆယ်သို့ ရောက်နေသည်။ မြစ်ကြီးနားသို့တာဝန်အရ သွားရမည်ဖြစ်ရာ လားရှိုး - ဗန်းမော် ခရီးအသွား မူဆယ်တွင် ညအိပ်ဖြစ်သွားခြင်းဖြစ်သည်။ ကူမင်တန်တပ်မှ တရုတ်စစ်ပြေးများကြောင့် နယ်မြေမှာ မအေးချမ်း။ ၎င်းတို့က ကချင်ရွာများကို ဝင်စီးတတ်သဖြင့် ကချင်လူမျိုးများနှင့် တိုက်ပွဲကလေးများ ဖြစ်တတ်သဖြင့် ကချင်ရိုင်ဖယ်တပ်ပင် မူဆယ်၊နမ့်ခမ်းလမ်းတွင် ချထားရလေသည်။

မနက် ၄ နာရီခန့်တွင် သေနတ်သံများကြားလိုက်ရသည်။ မူဆယ်နှင့် တစ်မိုင်ခန့်ဝေးသော ကချင်ရွာလေးကို တရုတ်စစ်ပြေးများ ဝင်စီးနေပြီဟု ရိပ်မိလိုက်သည်။ မူဆယ်ဘက်သို့ ကျွံလာမလားဟုစောင့်ကြည့်နေစဉ်ကချင်မလေးတစ်ဦး ကိုခင်ညိုထံသို့ ပြေးဝင်လာသည်။ "မောင်ကြီး. . မောင်ကြီး ငါတို့ အဖေနဲ့အမေကို တရုတ်တွေ သတ်ကုန်ကြပြီ။ လုပ်ပါဦး မောင်ကြီးရယ်"ဟု ကချင်မလေးက ဆိုသည်။ ကိုခင်ညိုလည်း အတန်ငယ် တွေဝေပြီးနောက် "လာဗျို့. . ကိုလှသိန်းသွားကြမယ်"ဟု အဖော်ရဲဘော်ကို ခေါ်ကာ ကချင်ရွာဘက်သို့ ပြေးသွားခဲ့သည်။ လမ်းတွင် မူဆယ်ရဲစခန်းမှ ရာဇဝတ်အုပ်တို့ အဖွဲ့နှင့် ပေါင်းမိကာ ခပ်သုတ်သုတ် သွားခဲ့ကြသည်။

ရွာအနီးသို့ ရောက်သောအခါ သေနတ်သံများစဲသွားသည်။ ကချင်ရွာလေး အတွင်းသို့ ရောက်သောအခါ တရုတ်စစ်ပြေးများ ဆုတ်ခွာသွားကြောင်း သိရသည်။ သို့သော် ကချင်မလေး၏ မိဘများကို သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့လိုက်ရသည်။ အားကိုးစရာ ဆွေမျိုးများလည်း မရှိသော ကချင်မလေးကို "မောင်ကြီးနဲ့အတူတူ မြစ်ကြီးနားလိုက်ခဲ့ပါလားကွယ်" ဟု ကိုခင်ညိုက ခေါ်သည်။

ကချင်မလေးလည်း သဘောတူသဖြင့် မြစ်ကြီးနားသို့ ထွက်ခဲ့သည်။

"ဟဲ့. . . ကောင်မလေး၊ နင့် နာမည်လည်း ပြောထားပါဦး"

"စောမူ"တဲ့။

ကိုခင်ညိုတို့သည် မြစ်ကြီးနားရှိ မိတ်ဆွေဖြစ်သူ ကိုတင်မောင် အိမ်တွင် တည်းခိုကြသည်။ အင်္ဂလိပ်အစိုးရမှ ကြီးမှူးကျင်းပသော မနောပွဲကြီးလည်းရှိရာ ပွဲသွားကြသည်။ ထိုညက ဗမာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်ကိုယ်တိုင် မနောပွဲသို့ တက်ရောက်ခဲ့သည်။ "ကြည့်ပါအုံး စောမူရယ်။ ကချင် စော်ဘွားကြီးတွေ မနောတိုင်ကြီး ပတ်ပတ်လည် ကနေတဲ့အကြားမှာ မျက်နှာဖြူအရာရှိတွေ ကိုယ်တိုင်ဝင်ပြီး ရောနှော ကနေကြတယ်။ ဒါဟာ ညာဝါးတဲ့ ဝါဒဖြန့်ခြင်း တစ်မျိုးပဲကွဲ့။ ဒါမျိုးတွေကြောင့်ရယ် ၊ နောက်ပြီး အခုပွဲမှာ ထုတ်ကျွေးတဲ့ ရာရှင်အမဲဘူး၊ ငါးဘူး၊ မုန့်သေတ္တာတွေ မက်ပြီး ကချင်အမျိုးသားတွေဟာ ဗမာပြည်မနဲ့ခွဲပြီးနေချင်တယ်ဆိုရင် မှားတော့မှာပဲ။ မောင်ကြီးတို့ အောက်ပြည်မှာလေ ဗမာတစ်နိုင်ငံလုံး ရှမ်း၊ ချင်း၊ ကချင်စတဲ့ တိုင်းရင်းသား အားလုံးအတွက် လွတ်လပ်ရေး ရအောင် ခေါင်းဆောင်ကြီးတွေက ကြိုးစားနေကြတယ်" ဟု လွတ်လပ်ရေးတရား ဟောသည်။

"မောင်ကြီး အခုပြောနေတာတွေကို နားလည်ရဲ့လား စောမူ"

"နားလည်ပါတယ် . . . မောင်ကြီး"

"ဒါဖြင့်- နောင်ဆိုရင် ကချင်အမျိုးသား၊ အမျိုးသမီးတွေကို စောမူကတစ်ဆင့် ပြောဟောပေးရမယ်နော်"

"ဟုက်ကဲ့"

ကောင်းကင်တွင် ကြယ်လေးများ တဖြတ်ဖြတ်တောက်ပနေသည်။ အိမ်ရှေ့မီးပုံတွင် ကိုခင်ညိုနှင့် စောမူတို့ မီးလှုံလျက်။ ကြယ်များကိုကြည့်ရင်း တိုင်းရင်းသားကချင်အမျိုးသားများ အကြောင်းကို ကိုခင်ညိုစဉ်းစားနေမိသည်။ အတော်ကြာပြီးနောက် ဘေးသို့ကြည့်လိုက်ရာ စောမူမှာ အိပ်ပျော်၍နေပြီ။ လှပလွန်းသော စောမူ၏ မျက်နှာလေးကို ကြည့်၍ "အော်. . စောမူ. . စောမူ. . ဘယ်လိုကံကြမ္မာ ဖန်တီးလို့ ငါနဲ့ လာတွေ့ရတာလဲနော်"ဟု ရေရွတ်မိလိုက်သည်။ စောမူ၏မျက်နှာလှလှကို ကြည့်ရင်း "စောမူပင်လျှင် ကျွန်တော်၏ ဖူးစာရှင် မဖြစ်နိုင်ပါလော"ဟု စိတ်ကူးယဉ်မိလာသည်။ ထို့နောက် စောမူ၏ နှင်းဆီရောင်ပါးလေးကို ငုံ့၍ တအားမွှေးမိလိုက်ရာ စောမူလည်း လန့်နိုးလာသည်။ ပြူးကျယ်သော မျက်လုံးများဖြင့် ကိုခင်ညိုကို ကြည့်လိုက်သည်။

"မောင်ကြီးကို စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး"

"မောင်ကြီးလေ. . စောမူကို သိပ်ချစ်နေမိပြီ"ဟု ဆိုကာ ပြောပြောဆိုဆိုထပ်၍ မွှေးလိုက်ပြန်သည်။ ကိုခင်ညိုသည် ငယ်စဉ်ကပင် လေထဲတိုက်အိမ် ဆောက်ခဲ့သော ဖူးစာရှင်ကို တွေ့လိုက်ရပြီဟု ဆုံးဖြတ်လိုက်သည်။

"မောင်ကြီးကို ချစ်ပြီမဟုတ်လားကွယ်"

"အင်း"

"ဟော. . . လုပ်ပြန်ပြီ၊ ဟုတ်ကဲ့ ချစ်ပါတယ်လို့ ပြောမှပေါ့"

"ဟုတ်ကဲ့- ချစ်ပါတယ်"

နောက်တစ်နေ့ ကိုခင်ညို၊ စောမူ၊ ရဲဘော်ကိုလှသိန်း၊ ကိုတင်မောင်တို့ မြစ်ကြီးနား၊ တရုတ်ဈေးတန်းသို့ လျှောက်လည်ကြသည်။ ကိုခင်ညိုသည် တာဝန်အရ ရန်ကုန်သို့ပြန်ရဦးမည်။ အလုပ်ပြီးလျှင် ပြန်လာ၍ ကချင်တောင်တန်းများ တစ်လျှောက် စောမူနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး တရားများဟောမည်ဟု ရည်ရွယ်ထားသည်။ တရုတ်ဈေးတွင် လှည့်ပတ်နေစဉ်သေနတ်သံနှစ်ချက် ထွက်ပေါ်လာသည်။ ကူမင်တန်နှင့် ကွန်မြူနစ်ဂိုဏ်းသား တရုတ်အချင်းချင်း မကြာခဏ အချင်းဖြစ်ပွားလေ့ရှိသော အဓိကရုဏ်းဖြစ်ဟန်တူသည်။ လူအုပ်ကြီးလည်း ထိတ်ထိတ်လန့်လန့်ဖြစ်သွားသည်။ မနီးမဝေးမှ လက်ပစ်ဗုံးပေါက်ကွဲသံ ကြားလိုက်ရသဖြင့် စောမူလက်ကိုဆွဲရင်း ပုန်းခိုရန်အလုပ် "အို. . မောင်ကြီးရဲ့"ဟု အော်လျက် စောမူ လဲကျသွားသည်။ စောမူ သေနတ်မှန်လေပြီ။ ကျည်ဆံကားလက်ျာရင်အုံကိုဖောက်ထွင်းသွားသည်။

သေနတ်သံများ ဆူညံလျက်ရှိသေးသည်။ ကိုခင်ညိုလည်း စောမူ၏ဒဏ်ရာကို လက်ကိုင်ပုဝါဖြင့် ပိတ်ထားသည်။ မကြာမီ စစ်ပုလိပ်ကား ၂ စီးရောက်လာပြီး စစ်သေနတ်ဖြင့်ပစ်၍ နှိမ်နင်းတော့မှ ငြိမ်သွားတော့သည်။ ချက်ချင်းပင် စောမူကိုဆေးရုံသို့သယ်သွားသော်လည်း ဆရာဝန်သည်စောမူကိုကြည့်ကာ ခေါင်းခါလိုက်လေသည်။ "မောင်ကြီး. . မောင်ကြီး၊ စောမူ သိပ်နာတာပဲ။ အမေတို့လို စောမူလည်း သွားရမှာလား"ဟု မျက်ရည်များနှင့် မေးရာသည်။ မကြာမီ 'မောင်ကြီး' ဟု မပီသသောအသံဖြင့် ခေါ်ကာ ငြိမ်သက်သွားလေတော့သည်။

ကိုခင်ညို၏ ဖူးစာရှင်ကလေးသည် အိပ်မက် မက်သလို ပျောက်ကွယ်၍ သွားချေပြီ။ စောမူကလေး အချောင်သက်သက် ရေတိမ်နစ်သွားရှာပြီ။ ကုသိုလ်ကံသည် ကိုခင်ညိုကို ချစ်သုခအရောင်ပြပြီးခါမှ တစ်ဖန်မျက်လှည့်ပြ လှည့်စားလျက်ပျက်ရယ်ပြုခဲ့လေပြီ။

(အထက်ပါ ဇာတ်လမ်းအကျဉ်းချုပ်သည် ဗိုလ်လှသိန်းမှ ဗိုလ်ချုပ်အောင်ဆန်းအပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)ကို ပြောပြခဲ့သောဇာတ်လမ်း ဖြစ်သည်။ ဇာတ်လမ်းတစ်ခုလုံးကို ပေးခဲ့ပြီး ကချင်မလေးစောမူကိုသူပင်သေပစ်လိုက်စေသည်။ "ဒါမှ ပိုပြီး လွမ်းစရာကောင်းမှာဗျ"ဟု ပြောခဲ့သည်။ ထိုဝတ္ထုကို ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်လည်း ဖတ်ရှုသဘောကျခဲ့သည်။ ဗိုလ်ထွန်းလှကို "ဟေ့ကောင်. . . ဒီဝတ္ထု ဖတ်ရတော့ မင်းမိန်းမက စိတ်မဆိုးဘူးလားကွာ"ဟု ဆိုခဲ့သေးသည်။ ဝတ္ထုတိုအမည်မှာ လျှပ်တပြက်ဖြစ်ပြီး ရှုမဝ မဂ္ဂဇင်းတွင် ပါဝင်ခဲ့လေသည်။)

# ကချင်ပြည်နယ်အတွက် အရေးကြီးအဆိုတွေ တင်ဖို့ အားနည်းနေသေးတဲ့ လွှတ်တော် ကိုယ်စားလှယ်များ

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၄ ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာတော့ ထူးခြားတဲ့ အစီရင်ခံစာ အဆိုတွေနဲ့ ၆ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေး (ပထမနေ့)မှာတော့ ပြည်နယ်စာရင်းစစ်ချုပ်ဦးတင်လှိုင် တင်သွင်းခဲ့တဲ့ အစီရင်ခံစာကို ကြည့်ရင်တော့ ပြည်နယ်အစိုးရရဲ့ လုပ်ဆောင်ချက် အလွဲအမှားတွေကို တွေ့ရပါတယ်။ အသေးစိတ်ကိုတော့ မြစ်ကြီးနားသတင်းဂျာနယ်ရဲ့ အတွဲ(၆) အမှတ်(၅)ရဲ့ မျက်နှာဖုံးသတင်းမှာ ဖော်ပြပြီးပါပြီ။

ထူးခြားချက် တစ်ခုကတော့ ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)မှာ လွှတ်တော်ကိုယ်စားလှယ်တွေ ကန့်ကွက်လို့ လမ်းပန်းဆက်သွယ်ရေး လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီးဌာနကို ဝန်ကြီးဌာနနှစ်ခု ခွဲပြီးတော့ ပြောင်းလဲ မဖွဲ့စည်းနိုင်ပေမယ့် ၁၄ ကြိမ်မြောက် ပုံမှန်အစည်းအဝေး နောက်ဆုံးရက်မှာတော့ “နိုင်ငံတော်သမ္မတက နိုင်ငံတော်နှင့် ပြည်နယ်၏ အကျိုးစီးပွားအတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည်”လို့ ထပ်မံညွှန်ကြားလာတာကြောင့် ဝန်ကြီးဌာနနှစ်ခု ပြန်လည်ဖွဲ့စည်းဖို့ လွှတ်တော်က သဘောတူခဲ့ပါတယ်။

ဒီဝန်ကြီးဌာနနှစ်ခု ပြန်လည်ဖွဲ့စည်းဖို့ နောင်မွန်းမဲဆန္ဒနယ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်နဲ့ အင်ဂျန်းယန်မဲဆန္ဒနယ်(၂) လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဂျာဆိုင်းခေါန် တို့နှစ်ဦးက ဥပဒေ၏ လုပ်ထုံးလုပ်နည်းအတိုင်း သွားဖို့ လွှတ်တော်မှာ ဆွေးနွေးခဲ့ပေမယ့်ပြည်နယ်လွှတ်တော်အနေနဲ့ မှတ်တမ်းတင် အဖြစ်သာ ထားရှိခဲ့ပါတယ်။

ကချင်ပြည်နယ် အတွင်းမှာ တရားမဝင် ရွှေတူးဖော်မှုတွေ၊ ကျောက်စိမ်း တရားမဝင် လမ်းကြောင်းကနေ ထွက်သွားတာတွေ၊ တစ်သျှူးငှက်ပျောကိစ္စတွေ၊ မြေရှားလို့ခေါ်တဲ့ သတ္တုလုပ်တာတွေဟာ ပြည်နယ်အစိုးရ ရှင်းရမယ့် အရေးကိစ္စတွေ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ခေါက် လွှတ်တော်မှာ မေးခွန်းမေးမြန်းတာတွေ မတွေ့ခဲ့ရပါဘူး။

အစည်းအဝေး တတိယနေ့က တစ်သျှူးငှက်ပျောကိစ္စနဲ့ ပတ်သက်ပြီးတော့ ရွှေကူမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယုက “ကချင်ပြည်နယ်အတွင်းရှိ ဝိုင်းမော်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်၊ ရွှေကူမြို့နယ်များတွင် စိုက်ပျိုးလျက်ရှိသော တရုတ် တစ်သျှူးငှက်ပျောကိစ္စနှင့်ပတ်သက်၍ တရုတ်တွဲကားကြီးများ လွတ်လပ်စွာ ဝင်ထွက်ခွင့် ဆက်လက်ပေးနေမည်ဆိုပါက ကချင်ပြည်နယ်၏ ဘဏ္ဍာငွေတိုးတာက အတော်အတန်၊ ပြန်ပေးဆပ်ရတာက လမ်းတံတားပျက်ဆီးမှု သာမက သယံဇာတနှင့် မြေ၊ လူကိုပါ ယူသည် ဖြစ်နေသည့်အတွက် ဝင်ငွေ၊ထွက်ငွေ မျှတမှု မရှိနိုင်သော ၎င်း တွဲကားကြီးများနံပါတ်ပိတ်၍ ကချင်ပြည်နယ်တွင် လွတ်လပ်စွာ သွားလာနေမှုများကို ကချင်ပြည်နယ် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ တရားဝင်ပိတ်သိမ်းပြီး နယ်စပ်ဂိတ်တွင်သာ ကုန်ပစ္စည်း အချိန်းအပြောင်း ပြုလုပ်ပေးပါရန် ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုကိုလည်း ဦးတင်ဦးယု ကိုယ်တိုင် ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။



သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီးဖြစ်သောကြောင့် အဆိုကို ပြန်လည်ရုပ်သိမ်းရခြင်း ဖြစ်ကြောင်း၊ ညှိနှိုင်းမှုနှင့် ကိုက်ညီမှုမရှိပါက အထက်ပါအဆိုကို ပြန်လည်တင်သွင်းသွားမည်ဖြစ်ကြောင်း မီဒီယာတွေကို ဖြေကြားပေးခဲ့ပါတယ်။

လွှတ်တော်မှာ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းတွေမှာ ကျေးရွာလမ်းများ ဆောက်လုပ်ရန် အစီအစဉ်ရှိမရှိ၊ ရေရရှိရေး၊ အခြေခံကျောင်းများ အဆင့်တိုးမြှင့်ရန်အစီအစဉ် ရှိမရှိစတဲ့ မေးခွန်းတွေသာ အမေးများခဲ့ပါတယ်။

ဒီမေးခွန်းတွေအပေါ်မှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပြန်လည်ဖြေကြားပေးခဲ့ရာမှာတော့ “ပိုလျှံရန်ပုံငွေ ရရှိလျှင်သော်လည်းကောင်း၊ ရန်ပုံငွေ တောင်းခံပြီး ရရှိသည့်အပေါ် မူတည်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း” စသဖြင့်သာ ပြန်လည်ဖြေကြားခဲ့တာတွေကိုလည်း တွေ့ရှိရပါတယ်။

“အပြည့်အဝတော့ အားရမှု မရှိပါဘူး။ လုပ်ရိုးလုပ်စဉ်၊ ဖြေရိုးဖြေစဉ်အတိုင်း ပါပဲ။ ဘဏ္ဍာရေး အခက်အခဲပေါ့။ တိကျမှုတော့ အားနည်းတာပေါ့”ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယုက သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဖြေကြားချက်တွေအပေါ် ပြောဆိုခဲ့တာပါ။

လေ့လာသူအဖြစ် တက်ရောက်ခဲ့တဲ့သူတွေကလည်း လွှတ်တော် ကိုယ်စားလှယ်တွေရဲ့မေးမြန်းတဲ့ မေးခွန်းတွေနဲ့ သက်ဆိုင်ရာက ပြန်ဖြေတဲ့အဖြေတွေက တော်တော်လေး ယေဘုယျဆန်တယ်လို့ သုံးသပ်ပြောဆိုကြပါတယ်။

“အချက်အလက် အတိအကျနဲ့ မေးတာဖြေတာတွေ မတွေ့ရဘူး။ ငါ့မြို့နယ်ရရင်ပြီးရောဆိုပြီး ပြောတာပဲတွေ့တယ်။ ရန်ပုံငွေရရှိရင် လုပ်ပေးမယ်။ အချိန်ဘယ်လောက်ကုန်မှာလဲ။ ဘယ်နေရာမှာ ဘယ်လောက်ကုန်မှာလဲဆိုတဲ့ တိကျတဲ့အချက်အလက်တွေ ဖြေတာမတွေ့ရဘူး”ဟု လွှတ်တော်မှာ ၆ ရက်လုံးလုံး လေ့လာစောင့်ကြည့်ခဲ့တဲ့ နိုင်ငံရေးလေ့လာသူ ကိုကျော်ကျော်ဦးက ပြောပါတယ်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၄ ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မေးခွန်းပေါင်း ၇၅ ခုကို သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေက မေးမြန်းခဲ့ကြပြီးတော့ ဝန်ကြီးဌာနတွေက ပြန်လည်ဖြေဆိုပေးခဲ့ကြပါတယ်။

မေးခွန်းတွေက အရင်ပုံမှန်အစည်းအဝေးတုန်းကလို မေးခွန်းတွေပဲဖြစ်ပေမယ့် ပြည်နယ်စာရင်းစစ်ချုပ် တင်သွင်းတဲ့ အစီရင်ခံစာတွေ၊ ဝန်ကြီးဌာန ပြောင်းလဲဖွဲ့စည်းတာတွေ၊ ကချင်ပြည်နယ်ရေးရာကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကို တာဝန်ပေးအပ်တာတွေနဲ့ အရေးပေါ်အစည်းအဝေးတုန်းက ဝန်ကြီးသုံးပါး အပြောင်းအလဲ ပြုလုပ်ခဲ့တာတွေက ကချင် ပြည်နယ်သူ/သားတွေအတွက် အံ့အားသင့်စရာတွေ ဖြစ်ခဲ့ပါတယ်။

အစိုးရသက်တမ်းကုန်ဖို့ ၂ နှစ်လောက်ပဲ ကျန်တော့တဲ့အချိန်မှာ ပြည်နယ်အတွက် ဘယ်လိုအရေးပါတဲ့ ကြယ်ပွင့်ပြမေးခွန်းတွေ၊ အဆိုတွေကို တင်သွင်းသွားဦးမလဲ။ လွှတ်တော်ရဲ့ ကတိကဝတ်တွေကို ဘယ်လောက်ထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီလဲဆိုတာ လာမယ့် လွှတ်တော်အစည်းအဝေးတွေမှာ စောင့်ကြည့်ရဦးမှာပါ။

ပြည်နယ်အစိုးရအနေနဲ့လည်း စာရင်းစစ်ချုပ် တင်သွင်းခဲ့တဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုကိုင်တွယ်သွားမလဲ ဆိုတာလည်း အများပြည်သူသိအောင် ချပြစေလိုပါတယ်။

မည်သို့ပင် ဆိုစေကာမူ ၁၄ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးဆုံးသွားခဲ့ပါပြီ။ ၁၅ ကြိမ်မြောက် အစည်းအဝေးကိုတော့ ဧပြီလ တတိယအပတ်လောက်မှာ ကျင်းပဖွယ် ရှိနေပါတယ်။

စည်သူ(မြစ်ကြီးနား)

---

# ရာထူးမှ နုတ်ထွက်ခွင့် ပြုလိုက်သည့် ဝန်ကြီးနှစ်ဦးကိုရေးရာဌာန ကော်မတီဥက္ကဋ္ဌအဖြစ် အသီးသီးခန့်အပ်

ဖော်ဖော်ဝါရီ ၁၅

ကချင်ပြည်နယ် လွှတ်တော်တွင် လစ်လပ်နေသည့် ရေးရာဌာန လေးခုနေရာတွင် ပြန်လည်တာဝန်ပေးအပ်ခဲ့ရာ ရာထူးမှ နုတ်ထွက်ခွင့်ပြုခဲ့သည့် ပြည်နယ်ဝန်ကြီး ပြန်လည်ပါဝင်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် လွှတ်တော် ၁၄ ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)တွင် လွှတ်တော်၏ သဘောတူညီချက်ဖြင့် တိုင်းရင်းသားလူမျိုးရေးရာဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦး Hလအောင် (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဟောင်း)အစိုးရအာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ အုပ်ချုပ်ရေး တရားစီရင်ရေးနှင့် နယ်စပ်ရေးရာ ကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးမြသိန်း(စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဟောင်း) တို့ကို ခန့်အပ်ခဲ့သည်။

ယင်းအပြင် စီမံကိန်း ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တပ်မတော်သား ကိုယ်စားလှယ် (ကြည်း) ၅၆၆၇၁ ဗိုလ်ကြီးထင်ဦး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် ဗန်းမော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှဦးအောင်သင်း(ခ) ဦးဇော်သင်း၊ အတွင်းရေးမှူးအဖြစ် နောင်မွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမဘုဒဂုဏ်၊ အဖွဲ့ဝင်အဖြစ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်(ကြည်း) ၃၉၇၀၆ ဗိုလ်မှူးဝင်းသက်နိုင်ဦးတို့ကိုလည်း ခန့်အပ်တာဝန်ပေးခဲ့သည်။

ကချင်ပြည်နယ် လွှတ်တော် ၁၄ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီလ ၄ ရက်နေ့မှ စတင်ပြီး ၆ ရက်ကြာ ကျင်းပခဲ့သည်။

စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနား
( ဖေဖော်ဝါရီ

# “လေဖြတ်ပြီဆိုရင် ဘာလုပ်လဲဆိုတော့ အနှိပ်သည် ရှာကြတယ်။ ဘယ်သူနှိပ်တာကောင်းတယ်၊ ဘယ်လိုသွားနှိပ်လိုက်မယ်၊ တစ်ခါနှိပ်ရင် ဘယ်လောက် ပေးရပေးရ၊ ဘယ်လောက်ကုန်ကုန်၊ နှိပ်ရင်ကောင်းတယ်လို့ ပြောကြတယ်။ တကယ်တော့ အဲ့ဒီ အယူအဆက မှားတယ်”

ဒုတိယ တိုင်းရင်းဆေးရုံအုပ် ဦးသန်းဇော်

**Ann/Benadeth မေးမြန်းသည်။**

အခုတစ်ပတ်မှာတော့ အဖြစ်များလာတဲ့ လေဖြတ် လေငန်းရောဂါနဲ့ ပတ်သက်ပြီး ဘယ်လိုပြုမူနေထိုင်ရမလဲ ဆိုတဲ့ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်တွေကို စာဖတ်ပရိသတ်တွေ သိရှိနိုင်ဖို့အတွက် မြစ်ကြီးနား တိုင်းရင်းဆေးရုံက ဒုတိယ ဆေးရုံအုပ် ဦးသန်းဇော်နှင့် တွေ့ဆုံ မေးမြန်းထားပါတယ်။

**ဆရာရေ မင်္ဂလာပါ. . . . ဆရာတို့ တိုင်းရင်းဆေးရုံမှာ ဘာရောဂါတွေ အဖြစ်များပြီး ဘယ်လိုလူနာတွေက အများဆုံးလာရောက် ကုသခံလဲဆိုတာလေး သိပါရစေရှင်။**

ဆရာတို့ ဆေးရုံမှာကတော့ လေဖြတ်(လေငန်း)၊ လေသင်တုန်း (လေဖြန်း)၊ အကြော အရိုးအဆစ်ရောဂါတွေ(ခါးနာ၊လည်ဆစ်ကျီးပေါင်း၊ အာရုံကြောညှပ်၊ ဒူးနာ၊ အဆစ်ရောင်၊ ထုံကျဉ်၊ မီးယပ်ရောဂါ) စတဲ့ ရောဂါတွေတော့ အများဆုံးလာရောက်ကုသကြပါတယ်။ အဲ့ဒီထဲမှာ အများဆုံးဖြစ်တာတော့ လေဖြတ်(လေငန်း) ရောဂါပေါ့။

**အခု အဖြစ်များနေတဲ့ လေဖြတ်(လေငန်း)ရောဂါ လာရောက်ကုသနေတဲ့ လူနာဦးရေ ဘယ်လောက်များ ရှိလဲရှင့်။**

အခု ဆေးရုံတက်ပြီး လာကုသမှုခံယူနေတဲ့ (အတွင်းလူနာ) လေဖြတ်လူနာဦးရေက ဆေးရုံတက်နေတဲ့ လူနာ ၆၀ ဝန်းကျင်မှာဆိုရင် ၂၀ ကနေ ၂၅ ယောက်ထိ ရှိပါတယ်။

**လေဖြတ်(လေငန်း) ရောဂါက ဘယ်လိုမျိုးရောဂါလဲ ဆိုတာကို ရှင်းပြပေးပါဦး။**

လေဖြတ်တယ် ဆိုတာ ၈၇% ရှိတဲ့ သွေးကြောထဲမှာ သွေးခဲပိတ်ဆို့နေလို့လှုပ်ရှားမရဖြစ်သွားတာကို ပြောတယ်။ ဦးနှောက်လေဖြတ်(လေငန်း)ရောဂါက သွေး




တိုးရောဂါနဲ့ ဆက်စပ်နေတယ်။ သွေးကြောတွေထဲမှာ သွေးဖိအားများလာတာ။ အဲ့အချိန်ကျတော့ သွေးတိုးရောဂါဖြစ်ပြီဆိုရင် သွေးဖိအားလေးတွေက ဦးနှောက်ထဲ အရှိန်နဲ့ တိုးဝင်လာတယ်။ ဦးနှောက်ထဲ သွေးဖိအားပြင်းပြင်းနဲ့ ဝင်လာတာပေါ့။ လေဖြတ်၊ လေငန်းဖြစ်ပြီဆိုရင် ခြေတွေ လက်တွေလှုပ်လို့ မရတော့ဘူး။ အဓိကကတော့ ခြေတွေ၊ လက်တွေမှာ ဖြစ်တာမဟုတ်ဘူး ဦးနှောက်မှာ ဖြစ်တာ။ ဦးနှောက်က သွေးကြောတွေက ချို့ယွင်းမှုဖြစ်လို့ အဲ့ဟာနဲ့ ဆက်စပ်နေတဲ့ အစိတ်အပိုင်းလေးတွေက လှုပ်ရှားလို့မရပဲ ဖြစ်သွားတာပေါ့။

**ရောဂါဖြစ်ရတဲ့ အကြောင်းအရင်းတွေကို ပြောပြပေးပါဦးရှင့်။**

ဆရာတို့ တိုင်းရင်းဆေးပညာအရဆိုရင် သမုဋ္ဌာန်လေးပါးလို့ ခေါ်တယ်။ (ကံ၊ စိတ်၊ ဥတု၊ အာဟာရ)ပေါ့နော်။ အဲ့ဒီလေးပါး သင့်လျော်အောင် မနေထိုင်ခြင်းကြောင့် ဖြစ်လာတယ်။ ကံဆိုတာက လူတွေရဲ့ အပြုအမူ၊ အနေအထိုင်ပေါ့။ လူက ကိုယ်လက်လှုပ်ရှားမှု ရှိတယ်ဆိုရင် သွေးလှည်ပတ်မှုရှိတယ်။ မလှုပ်မရှား နေရာမှာပဲ ထိုင်နေမယ်ဆိုရင်တော့ လေဖြတ်တာ ဖြစ်နိုင်ချေပိုများလာတာပေါ့။ စိတ်လှုပ်ရှားမှုများနေမယ်၊ ဒေါသထွက်နေမယ်ဆိုရင်တော့ သွေးတိုးရောဂါဖြစ်ဖို့တော့ ရာနှုန်းများတယ်။ သွေးတိုးရောဂါဖြစ်ဖို့ ရာနှုန်းများရင် လေဖြတ်လေငန်းရောဂါဖြစ်ဖို့လည်း ရာနှုန်းများပြီ။ ရာသီဥတုဆိုရင်လည်း ဒီ(၁၂)လ ရာသီဥတုကိုပဲ ပြောတာမဟုတ်ဘူး။ ဒီ အချိန်ပိုင်း၊ လပိုင်းလိုက်ပြီးတော့မှ တစ်နှစ်ချင်း တစ်နှစ်ချင်းဆီမှာလည်း အေးတဲ့အချိန်၊ ပူတဲ့အချိန်ရှိတယ်။ လေဖြတ်၊ လေဖြတ်လေငန်းဖြစ်တဲ့ သူကျတော့ အေးတဲ့နေရာမျိုးတွေ၊ အဲကွန်းအောက်တွေမှာ အနေများတာတို့၊ ရေခဏခဏ ချိုးတာမျိုးတို့၊ ခဏခဏ ခေါင်းလျှော်တာတို့ မလုပ်ရဘူး။ အဲ့လိုမျိုးဆိုရင် အနောက်တိုင်း ဆေးပညာအရ ဦးနှောက်ဆီကို သွေးထောက်ပံ့မှု ရုတ်တရက်မရှိတော့တဲ့အခါ (သို့) ဦးနှောက်တွင်း သွေးကြောပေါက်တာ၊ အောက်ဆီဂျင်မရတဲ့အတွက် အလုပ်မလုပ်နိုင်တော့ဘဲ မိနစ်အနည်းငယ်အတွင်း ဦးနှောက်ဆဲလ်သေသွားတဲ့အခါမျိုးတွေမှာ ဖြစ်တာပေါ့။ သွေးတိုးတာ၊ နှလုံးသွေးကြော ပိတ်တာ၊ ဆီးချို၊ ဆေးလိပ်သောက်တာ၊ အရက် အရမ်းသောက်တာ၊ သွေးတွင်း အဆီဓာတ်များတာ၊ မွေးရာပါ ချို့ယွင်းတာ၊ သွေးပြန်ကြောတွေ ပုံမှန်မဟုတ်တာ၊ သွေးကျစ်ခဲတာမျိုးတွေကြောင့် ဖြစ်တာပါ။

**ရောဂါဖြစ်ပြီဆိုရင် ဘယ်လိုလက္ခဏာတွေ ပြတတ်ပါသလဲ။**

အကြီးစားလေဖြတ်ပြီဆိုရင်ကိုယ်တစ်ခြမ်းထုံတာမျိုး၊ စကားပြောခက်လာတာ၊ မပီမသဖြစ်လာတာ၊ စိတ်ရှုပ်ထွေးတာ၊ မျက်လုံးသူငယ်အိမ် လှုပ်ရှားမှု နှေးလာတာ၊ အမြင်ချို့ယွင်းလာတာမျိုး၊ လမ်းမလျှောက်လာနိုင်တာ၊ ခြေ၊လက်တွေမလှုပ်ရှားလာနိုင်တာမျိုး၊ နောက်ပြီး ခေါင်းကိုက်တာ၊ ခေါင်းမူးတာ၊ သတိလစ်လာတာမျိုးတွေ ဖြစ်တတ်တယ်။ အသေးစား လေဖြတ်တာ(လေဖြန်း)တာမျိုးက အချိန်တိုတိုပဲ ရောဂါလက္ခဏာ ခံစားရတယ်။ သူ့ကိုလည်း ထိထိရောက်ရောက် ကုသမှုမခံယူဘူးဆိုရင် အကြီးစားလေဖြတ်တဲ့ အဆင့်ကို ရောက်နိုင်တယ်။ အသက်သေဆုံးတဲ့ အထိ ဖြစ်နိုင်ပါတယ်။

**လေဖြတ်ရောဂါ မဖြစ်အောင် ဘယ်လိုကြိုတင်ကာကွယ်ရမလဲ။**

အဝမလွန်အောင် ခန္ဓာကိုယ်အလေးချိန် လျှော့ရမယ်။ အရက်အလွန်အကျွံသောက်ခြင်းကနေ ရှောင်ရမယ်။ ဆားလျှော့စားရမယ်။ နောက်ပြီး ကျန်းမာရေးအတွက် သင့်တော်တဲ့ အစားအစာတွေကို စားသုံးပေးရမယ်။ လေ့ကျင့်ခန်းပုံမှန်လုပ်ရပါမယ်။ ကိုယ့်ကိုယ်ကိုယ် သွေးဖိအား မတက်အောင် ထိန်းရမယ်။ ဆီးချိုရှိရင် ထိန်းရမယ်။ ဆေးလိပ်သောက်ခြင်းကနေ ရှောင်ရမယ်။ အိပ်ယာမဝင်ခင် ရေတစ်ဖန်ခွက် သောက်ပါ။ အိပ်ချိန်လုံလောက်စွာ အိပ်ပါ။ “ဥတုအကြိုက် နေထိုင်လိုက်မှ ကျန်းမာသုခ ပြည့်စုံရ”ဆိုတဲ့အတိုင်း သင့်တင့်လျောက်ပတ်တဲ့ လူနေမှုဘဝပုံစံဖြစ်အောင် နေပါ။

**လေဖြတ်(လေငန်း)ရောဂါကို တိုင်းရင်းဆေးပညာနဲ့ ဘယ်လိုကုသပါသလဲ။**

ဆရာတို့က ရောဂါဖြစ်ရတဲ့ အကြောင်းအရင်းပေါ်မူတည်ပြီး သင့်တော်တဲ့ ဆေးဝါးတွေ တိုက်ကျွေးတာမျိုး၊ ကြွက်သားတွေ ပြန်လည်သန်စွမ်းလာစေဖို့ ဆေးကြပ်ထုပ်ထိုးတာ၊ အကြောပြုပြင်ပေးတာ၊ လိုအပ်ရင် အထောက်အကူပြု ကိရိယာတွေနဲ့ ကုသပေးတာမျိုးတွေ။ နောက်ပြီး လေ့ကျင့်ခန်းတွေ လုပ်ခိုင်းတာမျိုး၊ လုပ်ပေးတာမျိုး၊ ရောဂါအခြေအနေပေါ် မူတည်ပြီးတော့ လိုအပ်ရင် အနောက်တိုင်းဆေးရုံဆီ လွှဲပြောင်းပေးတာမျိုးတွေ

စာ – ၁၃ သို့ »

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC မြစ်ကြီးနားရုံးမှ ဝန်ထမ်းခေါ်စာ

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

**Livelihood Field Officer**

**Reference Number: ECOSEC_MYI_2019002**

**To be based in Myitkyina** with frequent travel to Kachin State.

**Duties and Responsibilities**

- You will ensure accountability by actively listening and responsibly responding to stakeholder complaints and concerns as well as documenting and reporting them with the EcoSec team.
- You will ensure quality of intervention by adhering to project proposal and providing timely and accurate feedback.
- You will participate in the monitoring and evaluation of the programme and make recommendations based on the analysis and also conduct assessments based on questionnaires and discussions.
- You will provide technical input by preparing appropriate educational material and conducting tailored knowledge-transfer to stakeholders.
- You will participate in distribution of seeds, tools, and Unconditional Cash Grants (UCG).
- You will act as the technical support for livelihood projects and provide technical support to beneficiaries, when needed or upon request.
- Furthermore you will contribute to coaching of MRCS volunteers on project design, implementation and evaluation.
- As part of your duty you will assist in setting up a simple, easy to follow market monitoring system for key sites as identified.
- You will support the needs assessments in internally displaced person in camps, host villages, resettlement areas as well as origin/return villages.
- In additional you will contribute to keep ECOSEC program management tool (EPMT) up to date and provides statistics.

**Required profile**

- You should have at least 4 years' work experience in a similar field.
- Your communication skills should be excellent and you should be fluent in written and spoken English as well as Myanmar language. The knowledge of local dialects spoken in the Kachin area is a definite assets.
- You should have team leadership skills and good analytical skills.
- It is required to have good knowledge of geographically assigned environment.
- Previous ICRC experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **24 February 2019**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:

**yan_hr_recruitment_services@icrc.org**

ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon

Or

**Aye Aye Khaing**
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

# ကချင်ပြည်နယ်တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာသူများအား ကံစမ်းမဲ ဖောက်ပေးမည်



ကချင်ပြည်နယ် တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာသူပြည်သူများကို ဂုဏ်ပြုချီးမြှင့်သည့် အနေဖြင့် ကံစမ်းမဲလက်မှတ်များကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ စတင်ကာ ပေးဝေနေကြောင်း သိရသည်။

မြစ်ကြီးနား၊ မိုးညှင်း၊ ပူတာအို၊ ဗန်းမော်မြို့များတွင် ကံစမ်းမဲများ ပေးဝေသည့်အစီအစဉ်ကို တပ်ဖွဲ့ခွဲ(၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ကြီးမှူး ပြုလုပ်ပြီး ယခုလ ၂၈ ရက်နေ့ မနက် ၉နာရီအချိန်တွင် မြစ်ကြီးနားမြို့၊ ယာဉ်ထိန်းရုံးတွင် ကံစမ်းမဲဖောက်ပေးသွားမည် ဖြစ်ကြောင်း မိုးညှင်းမြို့ အမှတ်(၁၀၁) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုရုံးမှ သိရသည်။

“ယာဉ်စည်းကမ်း လိုက်နာတဲ့သူတွေကို ထောက်ခံတဲ့အနေနဲ့ ကံစမ်းမဲလက်မှတ်တွေပေးတယ်။ သူတို့ ဆုမဲတွေ ပေါက်သွားတဲ့အခါ ယာဉ်စည်းကမ်းမလိုက်နာသူတွေကလည်း လိုက်နာလာကြရအောင် အခုလို ပြုလုပ်ပေးတာ ဖြစ်ပါတယ်။ ကံစမ်းမဲ ပေါက်သူတွေရဲ့ လက်မှတ်မှာ ဖုန်းနံပါတ်နဲ့ ယာဉ်မောင်းလိုင်စင် နံပါတ်ပါတယ်။ မဲပေါက်ရင် ဖုန်းနဲ့ အကြောင်းကြားပေးမယ်။ တပ်ဖွဲ့ဝင်တွေက ဝန်ဆောင်မှုအနေနဲ့ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်”ဟု အမှတ်(၁၀၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးဒုရဲမှူး ကျော်ကျော်နိုင်က ပြောသည်။

ကချင်ပြည်နယ် တစ်ပြည်နယ်လုံးကို ဆုမဲများအနေဖြင့် လိုင်စင်ပါ ဆိုင်ကယ် ၂စီး၊ စက်ဘီး(၁၉)စီးနှင့် ဆိုင်ကယ် ဦးထုပ်အလုံး(၁၀၀) ကျော်တို့ပါဝင်ပြီး ကံစမ်းမဲလက်မှတ် ၅၀၀ အနက် မိုးညှင်းမြို့နယ်တွင် ကံစမ်းမဲလက်မှတ် အစောင် ၁၅၀ တို့ကို ပေးဝေသွားမည် ဖြစ်ကြောင်း သိရသည်။

“ကံစမ်းမဲ လက်မှတ်ပေးပြီး ပညာပေးတဲ့အစီအစဉ်ကကောင်းပါတယ်။ စည်းကမ်းပျက်တဲ့ ယာဉ်တွေကို ပညာပေးနေသလို ဖမ်းဆီးအရေးယူတဲ့ ဆောင်ရွက်ချက်တွေလည်း လုပ်ပေးသင့်ပါတယ်။ ယာဉ်ထိန်းရဲတွေက ဆိုင်ကယ်ဦးထုပ်ဆောင်းဖို့ ပြောပေးနေတယ်ဆိုတာ ကျွန်တော်တို့အတွက်ပါ ဆိုင်ကယ်မှောက်လို့ သေဆုံးကြရင် ကျွန်တော်တို့ပဲ ခံစားကြရတာပါ။ ဒါကြောင့် ပညာပေးတွေရော၊ ဖမ်းဆီးရေးတွေရော ပြုလုပ်ပေးသင့်ပါတယ်”ဟု မိုးညှင်းဒေသခံ ကိုသန်းစိုးက ပြောသည်။

ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် ဆိုင်ကယ်ဘက်မှန်၊ ဆိုင်ကယ်နံပါတ်ပြားများ အပြည့်အစုံပါဝင်ပြီး ဆိုင်ကယ်ဦးထုပ်ဆောင်းလာသူကိုသာ မဲလက်မှတ် မဖွင့်မီ အချိန်ကာလအတွင်း ကံစမ်းမဲလက်မှတ်များ ဆက်လက် ပေးဝေသွားမည် ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်း

# စစ်ဘေးရှောင်လာသော တစ်ရွာတည်းနေ ရှမ်း၊ ပလောင်၊ ကချင် တိုင်းရင်းသားများအတွက် စားနပ်ရိက္ခာလိုအပ်

ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ် မြောက်ပိုင်း အီနိုင်းကျေးရွာအုပ်စု အောက်မန်ပြိန်း ကျေးရွာတွင် ခိုလှုံလျက်ရှိသော စစ်ရှောင် ပြည်သူများအတွက် စားနပ်ရိက္ခာ လိုအပ်နေကြောင်း စစ်ရှောင်စခန်း တာဝန်ခံ ဦးထွယ်ရှောင်ထံမှ သိရသည်။

"တောင်သူ လယ်သမားတွေ ဖြစ်တဲ့အတွက် တောထဲမှာပဲ ရှာစားရတယ်။ မပေါက်ကွဲသေးတဲ့ မိုင်းတွေကိုတွေ့တော့ မသွားရဲကြတော့ဘူး။ အဲ့ဒါကြောင့် စားနပ်ရိက္ခာအတွက် အခက်အခဲ ဖြစ်နေတယ်"ဟု ဦးထွယ်ရှောင်က ပြောသည်။

အဆိုပါ စစ်ရှောင်စခန်းတွင် နေထိုင်သူများမှာ အထက်မန်ပြိန်း ကျေးရွာတွင် နေထိုင်သူများဖြစ်ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းက ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP)နှင့် ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့ အချင်းချင်း တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းကြောင့် အောက်မန်ပြိန်း ကျေးရွာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ခြင်း ဖြစ်သည်။

"သမီးလေး အမွာနှစ်ယောက်က အဲ့ဒီအချိန်မှာ ၁၆ရက်သားပဲ ရှိသေးတယ်။ တောတောင် ရေကြောင်းလမ်းက ထွက်ပြေးရတော့ ရေတွေ စိုတယ်။ ကလေး အနှီးလည်း ပါမလာတော့ သေးစိုရင်လည်း လဲစရာမရှိဘူး။ ကလေးက အေးလွန်းလို့ အငယ်မလေးက အသက်ဆုံးခဲ့ရတယ်။ ကျွန်မ အမေလည်း နားဟော်ကနေ ပြေးမယ်ဆိုပြီး ပြေးလာတာ၊ နားဟော်မရောက်ခင် ကျည်ဆံမှန်ပြီး ဆုံးသွားတယ်"ဟု ကလေး၏ မိခင်ဖြစ်သူ ဒေါ်ထုဆိုင်းက ပြောသည်။

အောက်မန်ပြိန်း ကျေးရွာရှိ ဒုက္ခသည်စခန်းတွင် နေထိုင်သူများမှာ မိုးကာတဲများဖြင့်သာ နေထိုင်ရခြင်းကြောင့် အပူအအေးဒဏ်ကို



ခံနိုင်မည့် အသုံးအဆောင်များလိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

စစ်ရှောင်စခန်းတွင် နေထိုင်သူများမှာ အထက်မန်ပြိန်းကျေးရွာသို့ ပြန်လည်သွားရောက်၍ မူလလုပ်ငန်းဖြစ်သော လက်ဖက်စိုက်ပျိုးခြင်းနှင့် စပါးစိုက်ပျိုးခြင်းကို လုပ်ကိုင်လိုသော်လည်း နယ်မြေမလုံခြုံခြင်းကြောင့် ရံဖန်ရံခါမှသာ ထင်းခွေရောင်းချခြင်းကို ပြုလုပ်ရကြောင်း သိရှိရသည်။

အထက်မန်ပြိန်းကျေးရွာတွင် ယခင်က ကချင်၊ ရှမ်း၊ ပလောင်နှင့် ဗမာတိုင်းရင်းသားများ တစ်ရွာတည်းတွင် ၁၀နှစ်ကျော်ကြာ အတူတကွ နေထိုင်ခဲ့ကြပြီး လူမျိုးဘာသာခွဲခြားခြင်းများလည်းမရှိခဲ့ကြောင်း ကချင်တိုင်းရင်းသူ ဒေါ်ဘောက်ရာက ဆက်လက်ပြောဆိုသည်။

"အရမ်းစိတ်အားငယ်ပြီး ခက်ခက်ခဲခဲနဲ့ ပြေးလာခဲ့ရတယ်။ ဒီလို စစ်ပွဲမျိုး နောက်ထပ်မဖြစ်ရင် သိပ်ကောင်းမှာပဲ"ဟု ဒေါ်ဘောက်ရာက ပြောသည်။

အောက်မန်ပြိန်း ကျေးရွာရှိ ဒုက္ခသည်စခန်းတွင် ကချင်၊ ရှမ်း၊ ပလောင် တိုင်းရင်းသားများနေထိုင်ပြီး အိမ်ခြေ(၂၂)စု၊ လူဦးရေ (၈၆)ဦးခန့်ရှိကြောင်း စစ်ရှောင်စခန်း တာဝန်ခံထံမှ သိရသည်။

မျိုးမြတ်မြတ်ပန်

» စာ - ၁၀ မှ

(ဆီး၊ဝမ်းမထိန်းနိုင်သူများ) ပြုလုပ်ပါတယ်။

**ကုသချိန်ရော ဘယ်လောက်လောက် အချိန်ယူရလဲ။**

ကုသချိန်ကတော့ တိတိကျကျ ပြောလို့မရဘူး။ လူနာကိုယ်တိုင်လည်း ဆရာမတွေ ညွှန်ကြားရင် ညွှန်ကြားတဲ့အတိုင်း ဆေးကို အချိန်မှန်မှန်သောက်မယ်။ လေ့ကျင့်ခန်းလုပ်ဆိုရင် လုပ်မယ်။ အဲ့လိုတိတိကျကျ လိုက်နိုင်ရင်တော့ မြန်မယ်။ နောက်သူက အသေးစား လေဖြတ်တယ်ဆိုတာ လေဖြန်းတာကို ပြောတာ။ သူက ခဏလေးနဲ့ ပြန်ပျောက်တယ်။ တစ်လလောက်နဲ့ ပြန်ကောင်းသွားတယ်။ အကြီးစားဖြစ်တယ်ဆိုရင်တော့ ဦးနှောက်ထဲမှာ သွေးယိုစီးတာတို့ ဆိုရင်တော့ လချီပြီးတော့ ကြာတယ်။ တချို့ဆိုရင်လည်း နှစ်နဲ့ချီပြီး ကုရင်လည်း ကုရမယ်။ နှစ်ချီပြီးတော့ ကုနေရင်လည်း ပုံမှန်ပကတိအတိုင်း ပြန်ကောင်းချင်မှ ကောင်းမယ်။ ကုနေရတယ်ဆိုတော့ သက်ကတော့ သက်သာမှာပေ့ါ။ ကုသမှုခံတဲ့ အတွက် ရောဂါကတော့ ပြန်ကောင်းသွားတယ် မူလပကတိအတိုင်းတော့ ဖြစ်ချင်မှ ဖြစ်မယ်။ အဓိက ကတော့ လူနာကိုယ်တိုင် စိတ်တက်ကြွစွာ ပူးပေါင်းပါဝင်မှု၊ ညွှန်ကြားတဲ့အတိုင်း တိကျစွာ လိုက်နာမှုရယ်၊ လူနာပြုစုပေးတဲ့ သူတွေရဲ့ ဂရုစိုက်မှုအပေါ် မူတည်ပြီးတော့ ကွဲပြားနိုင်ပါတယ်။

**အကောင်းပကတိ အတိုင်း ပြန်ဖြစ်လာနိုင်လား။**

စဖြစ်ဖြစ်ဖြစ်ချင်းမှာ မှန်ကန်တဲ့ ကုထုံးနည်းစနစ်တွေ (တကယ်တတ်ကျွမ်းတဲ့ ဆေးဆရာ)တွေနဲ့ ထိရောက်စွာ ကုသမှုခံယူမယ်ဆိုရင်တော့ ရောဂါမပြင်းထန်ဘူးဆိုရင် အကောင်းပကတိ အတိုင်း ပြန်ဖြစ်နိုင်ပါတယ်။

**ရာသီဥတုကြောင့်ရော ဖြစ်နိုင်လား။**

ဆောင်းရာသီမှာ ပို အဖြစ်များတယ်။ ကျန်တဲ့ ရာသီတွေမှာလည်း ဖြစ်တယ်။ နွေရာသီလိုမျိုးဆိုရင်တော့ ပူတော့ ယပ်ခတ်တယ်။ အကျီတောင်မှ ဝတ်ချင်မှ ဝတ်မယ်။ ကိုယ်တုံးလုံးနေရင် နေမယ်။ ပြီးတော့ အဲကွန်းအောက်မှာ နေမယ်။ မရှိတဲ့ နေရာကျတော့ ပန်ကာတပ်တယ်။ နှစ်ခုလုံးမရှိတဲ့ နေရာမှာကျတော့ အမြဲတမ်း ယပ်ခတ်နေမယ်။ ပူတဲ့ရာသီမှာ ပင်ကိုယ်သဘာဝကိုက ချွေးထွက်နေရမယ်။ ဒါမှလည်း ကျန်းမာပြီး လန်းဆန်းနေမှာပေ့ါ။ အဲ့လိုကျန်းမာနေရမယ့် အချိန်မှာ သူက ပူတာကို မခံနိုင်တော့လို့ခုနကပြောသလို ကိုယ်တုံးလုံးနေမယ်၊ ယပ်ခတ်မယ်ပေ့ါနော် အဲ့လိုဆိုတော့ အအေးပတ်ပြီး သွေးတိုးတို့ ခုနကပြောသလို ဦးနှောက် သွေးကြောပြတ်တာတို့ ဖြစ်တတ်တယ်။ အပြင်နေပူထဲသွားပြီး ရေခဲရေ တန်းသောက်လိုက်တာတို့။ အေးတဲ့ ရာသီဥတုမှာပဲ မဟုတ်ဘူး ပူတဲ့ဥတုမှာလည်း အအေးခံလွန်းတယ်၊ အဲကွန်း၊ ပန်ကာ အခံများတယ်။ နေပူကနေပြန်လာပြီးတော့ ချက်ချင်းရေချိုးတယ်။ ခေါင်းလျှော်တယ် စတဲ့ အပူအအေး မြန်စွာ ပြောင်းလဲတယ်ဆိုရင် ဖြစ်နိုင်ပါတယ်။

**လေဖြတ်တာက ဘယ်လိုလူတွေမှာ ပိုဖြစ်နိုင်လဲ။**

အသက်ကြီးတဲ့ အမျိုးသားတွေ၊ အသက်မကြီးတဲ့ သူတွေမှာလည်း ဖြစ်နိုင်ပါတယ်။ လေဖြတ်ရောဂါ၊နှလုံးရောဂါ မျိုးရိုးရှိတဲ့သူ၊ တစ်ကြိမ်ဖြတ်ဖူးတဲ့သူ။ သွေးတိုးရောဂါရှိတဲ့သူ၊ ဆီးချိုရှိတဲ့သူ ဆေးလိပ်သောက်တဲ့သူ၊ အရက် အလွန်အကျွံသောက်တဲ့သူ၊ Cholesterol မြင့်တက်တဲ့သူတွေ၊ အဆီနဲ့ အငံ အရမ်းစားတဲ့သူတွေနဲ့ ကိုယ်လက်လှုပ်ရှားမှု မရှိဘဲ ဇိမ်ခံသူတွေမှာ ဒီရောဂါက ပိုပြီးမှ အဖြစ်များပါတယ်။

**စိုးရိမ်ရတဲ့ အခြေအနေအထိရော ဖြစ်နိုင်လား။**

ဟုတ်။ စိုးရိမ်ရတဲ့ အခြေအနေအထိ ဖြစ်လာနိုင်ပါတယ်။ သေဆုံးနိုင်ဖို့ ရာခိုင်နှုန်းကတော့ ၅၀% လောက်ရှိတယ်။ ပြင်းထန်မယ်ဆိုရင်တော့ အချိန်တိုအတွင်း သေဆုံးနိုင်ပါတယ်။ ပြီးတော့ မသန်မစွမ်း ဖြစ်လာနိုင်တယ်၊ဖြစ်ပြီဆိုရင် လူနာသာမက မိသားစုဝင်တွေပါ ထိခိုက်စေနိုင်တယ်။ ငွေကုန်၊ လူပန်း၊ နာတာရှည် ရောဂါသည်ဖြစ်လာနိုင်တဲ့ အတွက်ကြောင့်မလို့ ခုနက ပြောသလို ကိုယ့်ရဲ့ အပြုအမူ၊ အနေအထိုင်၊ အစားအသောက်တွေကို ရှောင်ကြဉ်ပြီးတော့ ကြိုတင်ကာကွယ်မယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်လာနိုင်ပါတယ်။

**ဆရာ့အနေနဲ့ စာဖတ်တွေကို ဘာများ ဖြည့်စွက်ပြောချင်လဲ။**

တချို့တွေက လေဖြတ်ပြီဆိုရင် ဘာလုပ်လဲဆိုတော့ အနှိပ်သည် ရှာကြတယ်။ ဘယ်သူနှိပ်တာ ကောင်းတယ်၊ ဘယ်လိုသွားနှိပ်လိုက်မယ်၊ တစ်ခါနှိပ်ရင် ဘယ်လောက် ပေးရပေးရ၊ ဘယ်လောက်ကုန်ကုန်၊ နှိပ်ရင်ကောင်းတယ်လို့ ပြောကြတယ်။ တကယ်တော့ အဲ့ဒီအယူအဆက မှားတယ်။ ခြေတွေ၊ လက်တွေက ဖြစ်တာမဟုတ်ဘူး အဓိကကဦးနှောက်ထဲမှာ ဖြစ်တာ။ ဦးနှောက်ထဲမှာ ဖြစ်နေတဲ့ဟာကို ကောင်းအောင် မကုဘဲနဲ့ ခြေတွေ၊ လက်တွေ လှုပ်လို့မရတော့ဘူး ဆိုပြီးတော့မှ ဘယ်လောက်ပဲနှိပ်နှိပ် ထိရောက်မှုမရှိဘူး။ တချို့ နားမလည်တဲ့ မကျွမ်းကျင်တဲ့ အနှိပ်သည်တွေက ဘာလုပ်သလဲဆိုရင် လက်တွေက လှုပ်လို့မရဘူး ကပ်နေတာလေဆိုတော့ သူတို့က မလိုအပ်တဲ့ နေရာတွေမှာ အားများများသုံးပြီးတော့ နှိပ်တဲ့ အခါကျတော့ ပိုဆိုးသွားတဲ့ အခြေအနေထိ ဖြစ်နိုင်တယ်။ အဓိကပြောချင်တာက ဒီရောဂါဖြစ်ပြီဆိုရင် အနှိပ်သည်တွေကို အားမကိုးဖို့၊ ရပ်ကွက်ထဲမှာ လိုက်ကုနေတဲ့သူတွေ အမည်ခံတာကတော့ တိုင်းရင်းဆေးဆရာ၊ ဒါပေမဲ့ သူတို့က ဆေးထိုးအပ်တွေနဲ့ ကုနေကြတယ်။ တချို့ဆေးဆရာတွေဆိုရင် သူတို့ဟာသူတို့ သီးသန့်ဖော်ထားတဲ့ ဆေးတွေနဲ့ ကုကြတယ်။ သူတို့က ခါးနာရင် ခါးမှာထိုးတယ်။ ဒူးနာရင် ဒူးမှာ ထိုးတယ်။ အဲ့ဒါတွေက အရမ်းအန္တရာယ်များတယ်။ တိုင်းရင်းဆေးဆရာ စစ်စစ်က ဆေးထိုးအပ် လုံးဝမသုံးဘူး။ ဆေးထိုးအပ်ကိုင်ခွင့် ရှိတာက ဆရာဝန်တွေပဲ ကိုင်ခွင့်ရှိတာ။ ကိုယ့်အနေနဲ့လည်း တကယ်တတ်ကျွမ်းတဲ့ ဆေးဆရာဝန်လိုမျိုးကိုပဲ အားကိုးစေချင်တယ်။

Ann/Benadeth

# နမ္မတီး စစ်ရှောင်စခန်းများတွင် စားနပ်ရိက္ခာများ လိုအပ်နေ



ဖေဖော်ဝါရီ ၁၄

နမ္မတီးကျေးရွာရှိ RC စစ်ရှောင်စခန်း၊ KBC စစ်ရှောင်စခန်းနှင့် ဇွမ်မိုင်ယန် စစ်ရှောင်စခန်း စသည့် စစ်ရှောင်စခန်း(၃)ခုတွင် စားနပ်ရိက္ခာနှင့် နေရာထိုင်ခင်း အခက်အခဲဖြစ်နေသည့်အတွက် အမြန်ဆုံးလာရောက်ကူညီစေလိုကြောင်း စစ်ရှောင်စခန်း တာဝန်ခံများက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်းစစ်ရှောင်စခန်းများတွင် လူဦးရေထောင်နှင့်ချီရှိနေပြီး ယခင်နှစ်ဒီဇင်ဘာလကုန်အထိ ကုလသမဂ္ဂကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ်(WFP)အဖွဲ့မှ ဆန်များထောက်ပံ့ခဲ့သော်လည်း ယခုနှစ်မှစ၍ စားနပ်ရိက္ခာထောက်ပံ့ခြင်းကို ရပ်တန့်လိုက်သည့်အတွက် စစ်ဘေးကြောင့် ဒုက္ခရောက်နေရသည့်အပြင် စားစရာမရှိသည့်အတွက်လည်း အခက်အခဲဖြစ်နေကြောင်း စစ်ရှောင်တာဝန်ခံများက ပြောသည်။

"စားနပ်ရိက္ခာက ဒီဇင်ဘာလက နောက်ဆုံးပေးခဲ့တာ ဟုတ်တယ်။ ဒီနှစ် ဇန်နဝါရီလကစပြီး စားစရာမရတော့ဘူး။ တချို့က ရောင်းစားစရာ တရိစ္ဆာန်ရှိတော့ အဆင်ပြေကြပေမယ့် တချို့က အဆင်မပြေဘူး" ဟု KBC စစ်ရှောင်စခန်းမှ သင်းထောက် ဦးဇော်ခေါင်က ပြောသည်။

ထို့အပြင် စခန်းအတွင်း ၃ လတာ နေထိုင်ရန် ယာယီမိုးကာတဲများ ဆောက်လုပ်ပေးခဲ့သော်လည်း နိုင်ငံတော်မငြိမ်းချမ်းသရွေ့ တိမ်းရှောင်နေရဦးမည့် အနေအထားရှိနေသဖြင့် ယခုနေထိုင်သည့် မိုးကာတဲများကို ခိုင်ခံ့သည့် အဆောင်များအဖြစ် ပြုပြင်ဆောက်လုပ်ပေးရန်လည်း လိုအပ်နေကြောင်း သိရသည်။

"ယာယီတဲဆိုပြီးမိုးကာနဲ့ လုပ်ပေးထားတာ လေပြင်းတိုက်တဲ့ မတ်၊ ဧပြီဆိုရင် အားလုံးပြိုကျမယ့် အနေအထားရှိတယ်။ သူတို့မပြန်ခင်လေးမှာ နေရာကျဉ်းပေမယ့် မိုးလုံလေလုံတော့ နေခိုင်းစေချင်ပါတယ်။ ပြန်ဆောက်ဖို့ကလည်း ဘယ်လိုစီစဉ်ပေးမလဲ မသိဘူး"ဟု နမ္မတီးကျေးရွာ RC စစ်ရှောင်စခန်းတာဝန်ခံ ဦးဘောမ်ယော်က ပြောသည်။

လက်ရှိအချိန်တွင် ၈ ပေ ပတ်လည်သာရှိသည့် အခန်းတွင် မိသားစုတစ်စုနှုန်းဖြင့် နေထိုင်ရသဖြင့် နေရာထိုင်ခင်း အခက်အခဲမှာ များစွာအခက် တွေ့နေရကြောင်း၊ ထို့ကြောင့် ကျယ်ဝန်းသည့် နေရာထိုင်ခင်းများ ပြုလုပ်ပေးစေလိုကြောင်း နမ္မတီး စစ်ရှောင်စခန်းမှ ကဆုန့်ဒေသခံ ဒေါ်ကော့နန်က ပြောသည်။

"တစ်မိသားစုလုံး ဒီလိုအခန်း ကျဉ်းကျဉ်းလေးမှာ နေနေတာ၊ အားလုံးက အဆင်မပြေဘူး။ မိသားစုလေးဦးရှိပါတယ်။ သမီးအကြီးက ၈ တန်း၊ သားကတော့ ၄ တန်း တက်နေတယ်။ အိမ်ထောင်စု တစ်စုကို တစ်ခန်းပဲပေးတော့ ဒီမှာ အဆင်ပြေတယ်ဆိုတာ မရှိပါဘူး"ဟု ဒေါ်ကော့နန်က သူမ၏အခက်အခဲကို ရှင်းပြသည်။

စစ်ရှောင်များ မိမိနေရပ်သို့ မပြန်ခင် အချိန်အထိ အဆင်ပြေစွာ နေထိုင်နိုင်ရန်အတွက် ယခုနေထိုင်နေသည့် ဘုရားကျောင်းဝင်းသည် နေရာထိုင်ခင်း ကျဉ်းမြောင်းသောကြောင့် ရွာအတွင်းရှိ မြေလွတ်တစ်နေရာတွင် စစ်ရှောင်စခန်းဖွင့်ပေးရန် စီစဉ်ထားသော်လည်း ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်မရသဖြင့် မရွှေ့ပြောင်းနိုင်သေးကြောင်း နမ္မတီး RC စစ်ရှောင်တာဝန်ခံ ဦးဘောမ်ယော်က ပြောသည်။

ယင်းအပြင် ပြောင်းရွှေ့ခွင့်မရသည့် ကာလအတွင်း ရေလုံလောက်မှု မရှိသဖြင့် နမ္မတီးချောင်းရေ မဖြစ်မနေသုံးနေရပြီး အဆိုပါချောင်းသည် လုပ်ငန်းရှင်ကြီးများက သဲထုတ်နေသဖြင့် ချောင်းရေအောက် မျက်နှာပြင်သည် ညီညာမှုမရှိ ဖြစ်နေကြောင်း၊ ယခင်နှစ်က သဲထုတ်တွင်းထဲသို့ကျ၍ သေဆုံးသည့် ကလေးတစ်ဦး ရှိခဲ့၍ စိုးရိမ်နေရကြောင်း၊ ထို့ကြောင့် စိတ်မအေးချမ်းနိုင်ဖြစ်နေကြောင်း ဦးဘောမ်ယော်က ဆက်လက်ပြောသည်။

ထို့အပြင် စစ်ရှောင်နေသည့်ကာလအတွင်းကလေးများ ဝါသနာပါ၍ ဘဝတိုးတက် ပြောင်းလဲစေနိုင်သည့် အသက် မွေးဝမ်းကျောင်း ပညာရပ်များနှင့် အခြားစိုက်ပျိုးမွေးမြူရေး နည်းလမ်းများကိုလည်း သင်ကြားပေးစေလိုကြောင်း စခန်းတာဝန်ခံများက ပြောသည်။

မွန်းမွန်းပန်








# Movie View

▶ **ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၁၅ - ၂ - ၂၀၁၉ မှ ၂၁ - ၂ - ၂၀၁၉ အထိ
ညနေ ၃ း ၃၀ နာရီ ပွဲချိန်တွင် - Alita Battle Angel

နေ့လယ် ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင်
**ဂျင်းကောင်**




» စာ - ၇ မှ

တော့ အားမပေးဘူးဗျို့။ တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှု ရှိရေးကိုတော့ အားပေးပါတယ်။

**တုတ်ထိုး** - တရားကို နတ်စောင့်ပါတယ်ဗျ။

**အိုးပေါက်** - တရားကို သေနတ်မစောင့်ပါစေနဲ့ ဆုတောင်းပါတယ်။ တရားကို သေနတ်စောင့်တဲ့ တိုင်းပြည်ဟာ ဘယ်တော့မှ ဆင်းရဲတွင်းထဲက မထွက်နိုင်ပါဘူး။ ဘယ်တော့မှလည်း စစ်မှန်တဲ့ ဒီမိုကရေစီလည်း ဖြစ်လာမှာ မဟုတ်ပါဘူး။ စွေစောင်းနေတဲ့ တရားဥပဒေစိုးမိုးရေးတည့်မတ်ဖို့ အရေးကြီးတယ်ဗျာ။

**တုတ်ထိုး** - ဥပဒေကို လက်တစ်လုံးခြား လုပ်နေတဲ့ သူတွေ ရှိနေသရွေ့တော့ ကျုပ်တို့တိုင်းပြည်ဟာ စုတ်ပြတ်သတ်နေဦးမှာပါပဲ။

**အိုးပေါက်** - အခု ဦးကိုနီ အမှုမှာတော့ တရားစွဲခံထားရတဲ့ ကြည်လင်းနဲ့ အောင်ဝင်းဇော်ကို သေဒဏ်ချမှတ်လိုက်တယ်။ အမှုတွဲမှာပါဝင်ခဲ့သူ ဇေယျာဖြိုးကို ထောင်ဒဏ် ၅ နှစ်နဲ့ အောင်ဝင်းထွန်းကို ထောင်ဒဏ် ၇ နှစ်ချလိုက်တယ်။

**တုတ်ထိုး** - ဦးကိုနီအမှုရဲ့ နောက်ကွယ်ကလူတွေဘယ်သူတွေလဲ။ နောက်ထပ် နိုင်ငံတော်အတွက် စိုးရိမ်ပူပန်စရာတွေ မရှိဖို့ မျှော်လင့်မိပါတယ်။

**အိုးပေါက်** - အမိက တရားခံတွေ မလွတ်ဘဲ ကြည်လင်းတစ်ယောက်တည်းကိုပဲ ထိုးကျွေးလိုက်တာမျိုး ဖြစ်နိုင်တယ်လို့ ဝေဖန်တဲ့လူက ဝေဖန်နေကြတယ်ဗျ။ အခု တရားစီရင်မှုကို မကျေမလည်ဖြစ်ပြီး စာအုပ်အစိမ်းကြီးပါမရှိမှ အေးမယ်ဆိုပြီး ဝေဖန်ပြောဆိုသံတွေလည်း ကြားနေရပါတယ်။

**တုတ်ထိုး** - တရားမျှတမှု အခွန့်ရှည်ပါစေ။ တရားကို သေနတ်မစောင့်ဖို့ ဆုတောင်းကြပါဦးစို့။ ။

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း





| တေးဆိုငှက် ဒဏ္ဍာရီ |
| --- |
| စာရေးသူ = သင့်လူ |
| စာအုပ်တိုက် - ကံ့ကော်ဝတ်ရည် |
| တန်ဖိုး = ၈၅၀၀ ကျပ် |

ဟာရူကီမူရာကာမိ၏နာမည်ကြီး စာအုပ်ဖြစ်သည်။ The Wind up Bird Choronicle ကို သင့်လူက တေးဆိုငှက်ဒဏ္ဍာရီ နာမည်နဲ့ ဘာသာပြန်ထားခြင်းဖြစ်သည်။ ယခုစာအုပ်သည် မူရာကာမိ၏ လက်ရာများထဲတွင် ဇာတ်လမ်းဇာတ်အိမ်ဖွဲ့စည်းပုံ အရှုပ်ထွေးဆုံး၊ နားလည်ရ အခက်ဆုံးလည်းဖြစ်သည်။ မူရာကာမိ၏ လက်ရာများမှာ အစစ်အမှန်လောကနှင့် အိပ်မက်လောကများ ရောထွေးပါဝင်နေရာ ဖတ်ရှုရသူများကို ထူးဆန်းအံ့ဩမှုများ၊ နက်နဲဆန်းကြယ်မှုများဖြင့် စွဲမက်လောက်အောင် ရေးသားထားနိုင်သည်။

"အဲဒီတုန်းက အလုပ်လက်မဲ့ဖြစ်ခါစဆိုတော့ အိမ်အလုပ်လုပ်ရတာ အရသာရှိသလိုပဲ။ ဘယ်သူ့ဆီ ဖုန်းဆက်၊ဘယ်ဝါနဲ့တွေ့ဆိုတာတွေ ဘာမှ မလိုဘူး။ မျက်ခွက်ကြီးကို မပြုံးချင်ဘဲ ကြိုးစား ဖြဲပြထားရတာမျိုးတွေ လုပ်စရာဘူး။ အကောင်းဆုံးကတော့ ကြိုက်တဲ့အချိန်၊ ကြိုက်တဲ့စာအုပ်ကို အေးအေးဆေးဆေး ဖတ်နိုင်တာပဲ။ ဘယ်လောက် ကြာမလဲ မသိပေမယ့် အဲဒီလိုနေရတာ ကြိုက်တယ်။ အနာဂတ်နောင်ရေးတွေ ဘာတွေလည်း မတွေးချင်သေးဘူး။ အားလပ်ရက် ခံစားနေနေသလိုပေါ့လေ။ တစ်ချိန်ချိန်တော့ ဒီအခွင့်အရေးကို ကျိန်းသေပေါက် ဆုံးရှုံးရမယ်ဆိုတာသိပေမယ့် ခုလောလောဆယ်တော့ ပျော်သလို နေလိုက်ဦးမယ်။

ဒါပေမဲ့ ညနေပိုင်းရောက်တော့ စာဖတ်ရတာ မပျော်တော့ဘူး။ ကူမီကိုကလည်းပြန်ရောက်မလာသေးဘူး။ အရင်ကဆို ခြောက်နာရီခွဲ ရောက်နေကျ၊ ဆယ်မိနစ်လောက် နောက်ကျမယ်ဆိုရင်တောင် ဖုန်းဆက်ပြောတော့တာ။ သူကဒီလိုပဲ။ အရမ်းတိကျတဲ့ မတိကျလေ။ အဲဒီနေ့ကတော့ ခုနှစ်နာရီထိုးတဲ့အထိ ဖုန်းလည်းမဆက်၊ လူလည်း ရောက်မလာဘူး။ ညစာအတွက် အသားတွေ၊ ဟင်းသီးဟင်းရွက်တွေက အသင့်ပဲ။ သူပြန်လာတာနဲ့ ပူပူနွေးနွေးချက်ပြီး တန်းစားဖို့ အဆင်သင့်လုပ်ထားတာလေ။ အထွေအထူးတော့လည်း မဟုတ်ပါဘူး။ အမဲသားကို အကွင်းလိုက် ပါးပါးလေးလှီး၊ ကြက်သွန်ကို ငရုတ်ပွလေးထည့်ဆား၊ ငရုတ်ကောင်း သင့်ရုံဖြူးပြီး အိုးကင်းပူတိုက်ကြော်မယ်။ လူပျိုတုန်းက ဘီယာနဲ့မြည်းဖို့ ခဏခဏ လုပ်စားတဲ့ အစားအသောက်မျိုးပေါ့။ ထမင်းချက်ပြီးပြီ။ ဟင်းရည်က နွေးနေတုန်း။ အသီးအရွက်တွေ အဆင်သင့်လှီးပြီးသား။ သူလာမှ ဟင်းရည်ထဲ ထည့်လိုက်ရုံပဲ။ ကူမီကိုတစ်ယောက်ကလွဲလို့ အားလုံးစုံစုံညီညီပဲ ဆိုပါစို့။ ဗိုက်က အတော်ဆာနေပြီ။ တစ်ယောက်စာ အရင်လုပ်ပြီး အရင်စားလိုက်ရကောင်းမလားတောင် စိတ်ကူးမိတယ်။ ဒါပေမဲ့ မလုပ်ဖြစ်ပါဘူး။ မဖြစ်သင့်ဘူးလေ။ (စာ - ၃၃ မှ)

---




| နော်ဝေဂျီယန်ဝုဒ် |
| --- |
| စာရေးသူ = မိုးသက်ဟန် |
| စာအုပ်တိုက် = ကံ့ကော်ဝတ်ရည် |
| တန်ဖိုး = ၅၅၀၀ ကျပ် |

ကမ္ဘာကျော် ခေတ်ပြိုင်ဂျပန်စာရေးဆရာ မူရာကာမိ(ဟာယူကီ)၏ နာမည်ကြီးဝတ္ထုဖြစ်သည်။ ပို့စ်မော်ဒန်စာရေးဆရာဖြစ်သော မူရာကာမိ၏ သရုပ်မှန်နည်းဖြင့် ရေးသားသော တစ်အုပ်တည်းသောစာအုပ် ဖြစ်သည်။ ယခုစာအုပ်သည် ဂျပန်နိုင်ငံတွင်ပင် သန်းနှင့်ချီ ရောင်းချရပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှလည်း ဘာသာစုံနှင့်ပြန်ဆိုခြင်းခံရသောစာအုပ်ဖြစ်သည်။ မူရာကာမိ၏ ရေးဟန်အတိုင်း စိတ်အတွင်းသားထဲရှိ အရာများကို လေးနက်ထိရှသော အရေးအသားများနှင့် ရေးသားထားသည်။ နော်ဝေဂျီယန်ဝုဒ်ကိုမိုးသက်ဟန်ကမြန်မာဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။

"ဒီလိုနဲ့ ကျွန်တော် အသက် ၁၈ နှစ်ကနေ ၁၉ နှစ်ဖြစ်လာခဲ့တယ်။ နေ့တိုင်းမှာ နေဟာ ထွက်လာပြီး ပြန်ပျောက်ကွယ်သွား စမြဲပဲ။ တနင်္ဂနွေနေ့တိုင်းမှာလည်း သေသွားတဲ့ ကျွန်တော့်သူငယ်ချင်းရဲ့ ကောင်မလေးနဲ့ ချိန်းတွေ့နေကြပဲ။ ကျွန်တော် ဘာတွေလုပ်နေတာလဲ၊ ကျွန်တော် ဘာဆက်လုပ်ဦးမှာလဲဆိုတာ ကျွန်တော်မသိဘူး။ ကျွန်တော် ယူထားတဲ့ ဘာသာရပ်တွေကြောင့် ကျွန်တော်ဟာ ကလော်ဒယ်၊ရာစင်းနဲ့အီစန်စတိုင်းတို့ကို ဖတ်ရတယ်။ ဒါပေမဲ့ သူတို့ရဲ့စာတွေဟာ ကျွန်တော့် အတွက်တော့ ဘာမှမဟုတ်လှဘူး။ စာသင်ခန်းတွေမှာ ကျွန်တော် ဘယ်သူနဲ့မှ အပေါင်းအသင်းမလုပ်ဘူး။ အဆောင်မှာဆိုရင်လည်း ကျွန်တော်နဲ့ သိတာ ခပ်ရှားရှားပဲ။ ကျွန်တော်ဟာ အမြဲတိုင်း စာအုပ်တစ်အုပ်နဲ့ တစ်ယောက်ထဲ ထိုင်နေတတ်လို့ အဆောင်ကလူတွေက ကျွန်တော်ဟာ စာရေးဆရာ ဖြစ်ချင်နေတဲ့ကောင်လို့ ထင်တတ်ကြတယ်။ တကယ်တော့ ကျွန်တော့်မှာ ဘာရည်မှန်းချက်မှရှိတာမဟုတ်ဘူး။ ကျွန်တော် တခြားဘာမှလည်း မဖြစ်ချင်ဘူး။

ဒီခံစားချက်ကို ကျွန်တော် နာအိုကို့ကိုတော့ ပြောဖြစ်တယ်။ သူဟာ ကျွန်တော် ခံစားနေရတာကို အနည်းဆုံးတော့ အတိုင်းအတာတစ်ခုလောက်အထိ တိတိကျကျ သိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကျွန်တော့်အကြောင်း ကျွန်တော် ပြောနိုင်ဖို့ စကားလုံးရှာမရတတ်ဘူး။ သိပ်ထူးဆန်းတယ်။ ကျွန်တော်ဟာ သူ့ရဲ့ စကားလုံးရှာဖွေမရမှု ရောဂါကူးစက်ခံနေရပြီ။ (စာ - ၅၅ မှ)

---

# ဝိုင်းမော်မြို့နယ်၊ မန်ဒေါင်ကျေးရွာတွင် စာကြည့်တိုက် ဆောက်လုပ်ပေးစေလို

ဝိုင်းမော်မြို့၊ ဖေဖော်ဝါရီ ၁၅

ဝိုင်းမော်မြို့နယ်၊ မန်ဒေါင်ကျေးရွာ အုပ်စုတွင် စာကြည့်တိုက် မရှိသောကြောင့် လူငယ်အများအပြား စာဖတ်ခြင်းမရှိဘဲ ပျက်စီးသူ များပြားလာသဖြင့် စာကြည့်တိုက် ဆောက်လုပ်ရန် လိုအပ်နေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမဒိန်တိန့်ဘောမ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

၎င်းကျေးရွာတွင် ယခင်က ကျေးရွာစာကြည့်တိုက်ထားရှိသော်လည်း ၂၀၀၈ ခုနှစ်မှစ၍ မြေနေရာအခက်အခဲကြောင့် ဖျက်သိမ်းလိုက်သဖြင့် ကျေးရွာရှိလူငယ်များ စာဖတ်အားနည်း၍ ပျက်စီးသူများလာသောကြောင့် စာကြည့်တိုက်သစ် တစ်ခု ဆောက်လုပ်စေချင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

"အရင်ကစာကြည့်တိုက်ရှိတယ်။ အဲ့တုန်းကဆို စာဖတ်တဲ့ လူငယ်တွေ ဆိုရင်လည်း အရမ်းများတယ်။ နောက်ပိုင်း စာကြည့်တိုက်မရှိတဲ့ နောက်တော့ လူငယ်တွေလည်း အလေအလွင့်များလာတာပေါ့။ အရင်တုန်းက သူများမြေနေရာငှားပြီးလုပ်ထားတာဆိုတော့ အဆင်မပြေ ဖြစ်သွားတာပေါ့လေ"ဟု ၎င်းကပြောသည်။

ကျေးရွာတွင် စာကြည့်တိုက်မရှိသောကြောင့် လူငယ်များ စာပေနှင့်ကင်းကွာ၍ အလေလိုက်မှုများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုများ၊ အကျင့်စာရိတ္တ ပျက်ပြားမှုများ ပိုမိုများပြားလာကြောင်းနှင့် စာဖတ်ခြင်းက လူငယ်များကို နည်းလမ်းကောင်းတစ်ခု ဖော်ဆောင်ပေးမည် ဖြစ်ကြောင်း မန်ဒေါင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမဒိန်တိန့်ဘောမ်က ဆက်လက်ပြောသည်။


"ဒီလို စာမဖတ်ရတဲ့အတွက် လူပျင်းတွေ များလာတယ်။ မူးယစ်ဆေးဝါးသုံးစွဲတဲ့လူ များလာတယ်။ အချိန်ရှိရင် လျှောက်လည်မယ်ဆိုတဲ့ စိတ်က ဝင်လာတယ်။ မိဘကိုဒုက္ခပေးမယ်၊ အကျင့်စာရိတ္တ ပျက်ပြားတဲ့သူ များလာပြီ။ ကျွန်တော်တို့ ကျေးရွာအုပ်စုမှာဆိုရင် စာပေနဲ့ ပတ်သက်လာရင် အကုန်ဇီးရိုးပဲ"ဟု ၎င်းက ပြောသည်။

လူငယ်များ သာမက ကလေးများလည်း စာဖတ်ခြင်းဖြင့် ပညာရေးပိုမိုကောင်းမွန်လာစေမည် ဖြစ်ကြောင်း၊ စာဖတ်ဝါသနာ ပါသော ကလေးများ ရှိသော်လည်း စာကြည့်တိုက် မရှိသောကြောင့်ကလေးများအတွက် အခက်အခဲဖြစ်နေကြောင်းနှင့် ကျေးရွာတစ်ခုတွင် စာကြည့်တိုက်တစ်ခု ရှိစေချင်ကြောင်း မန်ဒေါင်ကျေးရွာအုပ်စု၊ မူလွန်ကျောင်းအုပ် ဒေါ်အေးအေးသင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျောင်းမှာ စာကြည့်တိုက်မဟုတ်ရင်လည်း စာအုပ် တစ်အုပ်၊ နှစ်အုပ်တော့ရှိတယ်။ ကလေးတွေက အချိန်ရှိရင်ရှိသလို ဖတ်နေကြတယ်။ သူတို့က စာအရမ်းကြည့်ချင်ကြတယ်။ စာကြည့်တိုက်ရှိရင်တော့ ကလေးတွေရဲ့ စာဖတ်အားသာမက ပညာရေးတွေလည်း ပိုပြီးတော့ တိုးတက်ကောင်းမွန်လာမယ်။ ရွာမှာ စာကြည့်တိုက် တစ်ခုတော့ ရှိစေချင်ပါတယ်"ဟု ၎င်းက ဆိုသည်။

ဝိုင်းမော်မြို့နယ်၊ မန်ဒေါင်ကျေးရွာ အုပ်စုသည် ရပ်ကွက်(၁၂)ခုရှိပြီး အိမ်ခြေ(၄၀၀)၊ လူဦးရေ(၁၀၀၀) နီးပါးရှိကြောင်း သိရသည်။

Ah Je



# ကချင်ပြည်နယ်အတွင်း နှုတ်ခမ်းကွဲ အာခေါင်ကွဲ လူနာ ၁၀၀ ခန့်ကို ပထမဦးဆုံးအကြိမ် အခမဲ့ခွဲစိတ်ကုသပေး




ဖေဖော်ဝါရီ ၁၁

ကချင်ပြည်နယ် အတွင်းရှိ နှုတ်ခမ်းကွဲ အာခေါင်ကွဲ လူနာ၁၀၀ခန့်ကိုမြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးတွင် Myanmar Kindness charity, Rotary Club of Yangon နှင့် Alliance for Smile တို့နှင့် ပူးပေါင်းပြီး ဖေဖော်ဝါရီ၁၁မှ ၂၁ရက်နေ့အထိ အခမဲ့ စစ်ဆေးကုသပေးနေကြောင်း သိရသည်။

နှုတ်ခမ်းကွဲ အာခေါင်ကွဲ လူနာ အခမဲ့စစ်ဆေးကုသပေးမှုကို Myanmar Kindness charity မှ ဦးစီး၍ Rotary club of yangon နှင့် Rotary International အဖွဲ့ခွဲတစ်ခုဖြစ်ပြီး နိုင်ငံတကာမှ ဝါရင့်ဆရာဝန်ကြီးများဖြင့် ဖွဲ့စည်းထားသော Alliance for smile တို့နှင့် ပူးပေါင်းကာ ကချင်ပြည်နယ်ဒေသခံများ အတွက် လာရောက် ကုသပေးခြင်းဖြစ်သည်။

ကုသချိန်ပထမရက်တွင် စာရင်းသွင်းလူနာများကို ကျန်းမာရေး စစ်ဆေးမှုများပြုလုပ်ပေးမည်ဖြစ်ပြီး သုံးလအောက် ကလေးငယ်များနှင့်အခြားသောကျန်းမာရေးပြဿနာရှိ၍ ခွဲစိတ်ရန် မသင့်တော်သေးသောလူနာများကို ခွဲစိတ်ကုသပေးဦးမည်မဟုတ်ကြောင်းနှင့် ခွဲစိတ်ရန် သင့်တော်သောလူနာများကို ဒုတိယရက်မှစတင်ကာ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း Rotary Club of Yangon မှ President(2018-2019) ဒေါ်ဟေမာမောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပထမရက်က စမ်းသပ်တဲ့နေ့ပေါ့။ ပထမဦးဆုံး ကလေးရဲ့ ပေါင်ချိန်နဲ့ သွေးစစ်ရတယ်။ ကလေးက နှုတ်ခမ်းကွဲတယ်ဆိုပေမယ့် အထဲထဲမှာ နှလုံးပြဿနာတွေရှိနေတာမျိုးတို့၊ သွေးအားနည်းနေတာမျိုးတို့ ဆိုရင် ကလေးက ခွဲလို့မရဘူး။ စစ်ဆေးပေးပြီးလို့ရှိရင် အစ်မတို့က ခွဲပေးလို့ရတဲ့ကလေးနဲ့ မရသေးတဲ့ကလေး၊ လုံးဝခွဲစိတ်ပေးလို့မရတဲ့ ကလေးတွေဆိုပြီး စာရင်းခွဲလိုက်တယ်။ မရဘူးဆိုတာက မခွဲပေးချင်လို့ မဟုတ်ဘူး။ ကလေးအသက်အတွက်ပါ" ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ လာရောက်ကုသပေးမှုသည် မြစ်ကြီးနားတွင် ပထမဦးဆုံးအကြိမ်ဖြစ်ပြီး ဒေသခံများ၏ ပူးပေါင်းပါဝင်မှု၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကူညီပေးမှုတို့ဖြင့် လာရောက်ကုသပေးနိုင်ခြင်းဖြစ်ကြောင်း၊ အခြားပြည်နယ်များတွင်လည်း ဒေသခံ လူမှုအဖွဲ့အစည်းများမှ ဖိတ်ခေါ်၍ ပူးပေါင်းကူညီလာပါက သွားရောက်ကုသပေးသွားမည်ဖြစ်ကြောင်း ဒေါ်ဟေမာအောင်က ဆက်လက်ပြောသည်။

"Alliance for Smile နဲ့ ပေါင်းပြီး ခွဲပေးနေတာဆိုရင် ၅ကြိမ်ထက်မကတော့ဘူး။ ဒီတစ်ခေါက် မြစ်ကြီးနားကို လာဖို့တော့ Myanmar Kindness နဲ့ စကားပြောပြီး မြစ်ကြီးနားဆေးရုံနဲ့ ပေါင်းပြီး လုပ်ဖြစ်တာပေါ့။ တခြား နေရာတွေကလည်း ဖိတ်ခေါ်တယ်။ သူတို့ဆီက လူမှုအဖွဲ့အစည်း တွေကလည်း ပူးပေါင်းပါဝင်မယ်ဆိုရင် အခမဲ့လာရောက်ကုသပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများအတွက် အလှအပရေးတွင်သာမက ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်စွာ အသက်ရှင်နေထိုင်နိုင်ရေး အတွက် ရည်ရွယ်၍ နိုင်ငံတကာရှိ ဆရာဝန်ကြီးများအဖွဲ့နှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း Myanmar Kindness Group founder ဒေါ်ခင်မာလာက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"အဓိကကတော့ သူတို့ရဲ့ ဘဝအခွင့်အရေး မဆုံးရှုံးရလေအောင်၊ နောက်တစ်ခုက နှုတ်ခမ်းကွဲ အာခေါင်ကွဲဆိုတာ တကယ်လို့ နှာခေါင်းထဲ အစာမှားဝင်လို့ရှိရင် အသက်အန္တရာယ်ရှိတယ်။ အစားအသောက်စားရင် ခက်တယ်။ သတိထားပြီးစားနေရတယ်။ အဲ့ဒီတော့ အသက်အန္တရာယ်လည်း ကယ်တင်တာပေါ့"ဟု ၎င်းက ပြောသည်။

Myanmar Kindness Group ကို ၂၀၁၇ ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်းများကို မြန်မာနိုင်ငံအနှံ့တွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နှုတ်ခမ်းကွဲ အာခေါင်ကွဲ အခမဲ့စစ်ဆေးကုသပေးမှုကို ၂၀၁၈ နိုဝင်ဘာမှ စတင်ကာ ကြိုတင်စာရင်းပေးသွင်းမှုများကို လက်ခံခဲ့ပြီး ယခုလတွင် စာရင်းသွင်းလူနာများကို လာရောက်ကုသပေးခြင်း ဖြစ်သည်။

Ann

# ဖားကန့်မြို့နယ်တွင် ပထမဦးဆုံးအကြိမ် ပြည်သူ့နီတိ/နိုင်ငံရေးဆိုင်ရာ အသိပညာပေးမှု သင်တန်းကို အခမဲ့ပြုလုပ်သွားမည်

ဖေဖော်ဝါရီ ၁၄

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ရှရော်ခကျေးရွာရှိ အားမာန်သစ်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာတွင် ပြည်သူ့နီတိ/နိုင်ငံရေးဆိုင်ရာအသိပညာပေးမှု (Civic Education) သင်တန်းတစ်ခုကို ဧပြီလတွင် အခမဲ့ပြုလုပ်သွားမည်ဖြစ်ပြီး တက်ရောက်လိုသူများ စာရင်းပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

Civic Education သင်တန်းကို ရန်ကုန်မြို့ရှိ အမေရိကန်စင်တာ အခြေစိုက် Institute for Political and Civic Engagement (iPACE) မှ လာရောက်ပို့ချမည်ဖြစ်ပြီး ဒီမိုကရေစီ၏ အခြေခံ သဘောတရားများ၊ ဒီမိုကရေစီနည်းကျကျ လုပ်ငန်းစဉ်များတွင်ပြည်ထောင်စုအဆင့်နှစ်ရပ်စလုံးတွင်ထိရောက်စွာပါဝင်နိုင်ရေး၊တာဝန်ယူ/သိ ဒီမိုကရေစီနိုင်ငံသား ဖော်ဆောင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်း သင်တန်းတွင် အစိုးရ၏ လုပ်ဆောင်ချက်များ၊ နိုင်ငံရေးပုံစံများ၊ နိုင်ငံသားဖြစ်တည်မှု၊ နိုင်ငံသားများ၏ အခွင့်အရေးများနှင့် တာဝန်များ၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲစနစ်များ၊ ဥပဒေများ၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု စသည့် အကြောင်းအရာများကို လေ့လာခွင့် ရရှိကြမည်ဖြစ်သည်။

"ဦးစားပေး တက်စေချင်တာကတော့ နိုင်ငံရေးပါတီက ပါတီဝင်တွေနဲ့ အလုပ်သမားအရေး လှုပ်ရှားနေတဲ့သူတွေကို ပို့ပြီးမှ တက်စေချင်တာပေါ့။ ခေါင်းဆောင်ပိုင်းတွေ လာတက်တယ်ဆိုရင်တော့ သူတို့ကနေ ပြန်ပြီးမျှဝေပေးနိုင်တာပေါ့။ တကယ် စိတ်ဝင်စားတဲ့ သူတွေကို ဦးစားပေး တက်စေချင်ပါတယ်"ဟု အားမာန်သစ်စာကြည့်တိုက်နှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာ တည်ထောင်သူ ကိုအောင်ဟိန်းမင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်းသင်တန်းတွင် လူမျိုး၊ ဘာသာမရွေး၊ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက် လျှောက်ထားနိုင်ကြောင်း၊ လူဦးရေ အယောက်(၅၀)သာ လက်ခံသင်ကြားပေးသွားမည် ဖြစ်ကြောင်းနှင့် ၅ ရက်အပြည့် တက်ရောက်နိုင်သောသူများကို ဦးစားပေး လက်ခံသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"တချို့ကျတော့ သင်တန်းတစ်ခု ဖွင့်လိုက်တယ်၊ ဘာသင်တန်းလဲ သိချင်လို့ လာတက်တယ်။ အဲ့လိုအခါကျတော့ တကယ်တက်ချင်တယ်ဆိုရင် ဘာရည်ရွယ်ချက်နဲ့ တက်တာလဲဆိုတာ သိအောင်မေးမယ်။ သူ လုပ်ဆောင်နေတဲ့ဟာတွေ၊ သူ့ရဲ့ နောက်ခံကို ကြည့်ပြီး ရွေးချယ်သွားမှာပေါ့" ဟုလည်း ကိုအောင်ဟိန်းမင်းက ဆိုသည်။

အဆိုပါ သင်တန်းကို စိတ်ပါဝင်စားသူများ အနေဖြင့် ကိုမျိုးဝင်းသန့်- ၀၉၄၄၄၈၄၈၄၈၅၊ ကိုခေါ်ဆောင်- ၀၉၄၄၀၈၈၁၅၃၃၊ ကိုအောင်ဟိန်းမင်း - ၀၉၄၀၀၀၅၇၂၄၀ တို့ကို ဆက်သွယ်မေးမြန်း၍ မတ်လ နောက်ဆုံးထားပြီး လျှောက်ထားနိုင်မည်ဖြစ်ပြီး သင်တန်းကို ဧပြီလ ၂ ရက်နေ့တွင် စတင်သွားမည်ဖြစ်သည်။

Benadeth

မြစ်ကြီးနားသတင်းဂျာနယ်
( ဖေဖော်ဝါရီ ၁၈ ၊ ၂၀၁၉ )

# ငါးကို သစ်ပင်တက်ခိုင်းခြင်း

စောနဒီ
မြစ်ကြီးနား



၁။

"ကျွန်မက ဘောဂဗေဒတွဲ လိုချင်တာဆရာ။ အဖေနဲ့အမေက သိပ္ပံတွဲယူခိုင်းတာနဲ့ သိပ္ပံတွဲ ယူခဲ့တာဆရာ။ ကျွန်မ စာသင်ရတာ မပျော်ဘူး"

စာသင်ခန်း တစ်ခုထဲတွင်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲကြီး နီးလာသဖြင့် ကျောင်းသူကျောင်းသားများကို စိတ်ဓာတ်မကျအောင် အားပေးစကားဆိုရင်း သူတို့လေးတွေနှင့် စကားစမြည် ပြောဆိုခိုက် ကျောင်းသူတစ်ယောက်က ထိုသို့ ရင်ဖွင့်လာခြင်း ဖြစ်ပါသည်။

သူ့စကားကြားပြီး ကျွန်တော် ရင်မောမိရပါသည်။ သူ့လို ကျောင်းသားကျောင်းသူမျိုး တော်တော်များများ ကြုံဖူးပါသည်။ မိဘတချို့သည် မိမိဖြစ်စေချင်သည့် အရာကိုသာ ဦးစားပေးရွေးချယ်စေတတ်ကြသည်။ သားသမီး၏ ဝါသနာနှင့် သားသမီး၏စိတ်ဆန္ဒကို ဦးစားမပေးတတ်ကြ။ ကလေးက မိဘဖြစ်စေချင်သည့် ပုံစံခွက်ထဲမှာ ပညာသင်ကြားနေရသည်။ ဤသည်မှာ ကျွန်တော်တို့ မိဘများ၏ပြောင်းလဲပစ်ရမည့် အရာတစ်ခုဖြစ်ပါသည်။ ပညာရေး ပြုပြင်ပြောင်းလဲရမည့် အရာများ၌ ဤသို့သောအတွေးအမြင်များလည်း ပြောင်းလဲပစ်ရမည်ဟု ယူဆမိပါသည်။

ကလေးက ပန်းချီဝါသနာပါသည်။ ပန်းချီဆွဲခြင်းကို အားမပေး။ ကလေးက အခုန်အက ဝါသနာပါသည်။ ကလေး၏ ရွေးချယ်ခွင့်ကို တားမြစ်သည်။ ကလေးက အားကစားဝါသနာပါသည်။ စာရေးစာဖတ် ဝါသနာပါသည်။ "ထမင်းငတ်ချင်လို့လား၊ လူတောမတိုးချင်တော့ဘူးလား"ဟုဆိုကာ ကြိမ်းမောင်းတတ်ကြသည်။

ကလေးတွေရဲ့ ဝါသနာဘာလဲမမေး။ ငါ့သား ငါ့သမီး ဘာသင်ချင်လဲ။ ဘာဝါသနာပါလဲ မမေး။ ငါယူခိုင်းတာယူ။ ငါသင်ခိုင်းတာသင်။ ဤသို့သော အတွေးအခေါ်အယူအဆအဟောင်းများကို ကျွန်တော်တို့ စွန့်လွှတ်သင့်ပါပြီ။

ထိုသို့ မဟုတ်လျှင်တော့ ငါးကို သစ်ပင်တိုက်ခိုင်းသကဲ့သို့ ဖြစ်နေပါလိမ့်မည်။

၂။

ငါး။

ငါးသည် ရေနေသတ္တဝါဖြစ်သည်။ ငါးကို သစ်ပင်တက်ခိုင်း၍ မရပါ။ တစ်ခါတစ်ရံ ကျွန်တော်တို့၏ အပြုအမူများသည် ငါးကို သစ်ပင်တက်ခိုင်းသကဲ့သို့ အရာမထင်သည့် ကိစ္စများ ကြုံတွေ့ရတတ်ပါသည်။ ကိစ္စနေရာ တော်တော်များများ နေရာတကျ မစီမံတတ်ခြင်းကလည်း ငါးကို ရေမကူးခိုင်းဘဲ သစ်ပင်တက်ခိုင်းထားခြင်းနှင့် တူပါသည်။ ရည်မှန်းချက် ပန်းတိုင်ကို ရောက်လိမ့်မည် မဟုတ်။

အဖွဲ့အစည်း တစ်ခုခုတွင်လည်းကောင်း၊ ကုမ္ပဏီလုပ်ငန်း တစ်ခုခုတွင်လည်းကောင်း၊ အစိုးရနေရာဌာနများတွင်လည်းကောင်း ငါးကို သစ်ပင်တက်ခိုင်းနေကြသည့် နေရာများ ရှိနေလျှင် ထိုအဖွဲ့အစည်း၊ ထိုကုမ္ပဏီ၊ ထိုအစိုးရ၏ မျှော်မှန်းချက်ယန္တရားသည် အောင်မြင်သောအရွေ့တစ်ခုသို့ရောက်ရှိနိုင်မည် မဟုတ်ပါ။

အစိုးရယန္တရား တစ်ခုတွင် ဆိုကြပါစို့။

ပညာရေး နယ်ပယ်တွင် ကျွမ်းကျင်သည့် ပညာရှင်ကို မီးရထားဝန်ထမ်း အဖြစ် ပြောင်းရွှေ့နေရာပေး၍ လုပ်ကိုင်စေခြင်း၊ ကျန်းမာရေး ဆိုင်ရာဆရာဝန်ကိုလမ်းပန်းဆက်သွယ်ရေးနေရာတွင် ခန့်ထားခြင်း။ သူ့နယ်ပယ်နှင့်သူ တတ်ကျွမ်းနားလည်သည့် ပညာရှင်ကို သူ့တတ်ကျွမ်းနားလည်သည့် နေရာတွင် ထားရှိခြင်းက အရွေ့တစ်ခုကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

နောက်ထပ်တစ်ခုကတပ်မတော်ထဲတွင် ဝင်ပြီး အမှုထမ်းနေရာ ရခဲ့သူတစ်ဦးက တပ်မတော်နှင့် စစ်သားနှင့် မအပ်စပ်သော၊ မသက်ဆိုင်သော နေရာဌာနများတွင် ဝင်ရောက် နေရာယူတတ်ခြင်းမျိုးကလည်း ငါးကို ရေမကူးခိုင်းဘဲ သစ်ပင်တက်ခိုင်းခြင်း ဖြစ်ပါသည်။ တပ်ထဲဝင်ပြီးပါက တခြားနေရာဌာနများတွင် လုပ်ကိုင်ဆောင်ရွက်တတ်သည်ဟု ယူဆပါကလည်း မှားပါလိမ့်မည်။ သူ့အိုးနှင့် သူ့ဆန်သာ ဖြစ်သင့်ပါသည်။ ကျွန်တော်တို့၏ တိုင်းပြည် ဖွံ့ဖြိုးမှုနောက်ကျခြင်းသည် နေရာအလိုက် တန်ဖိုးအတိုင်း မထားရှိတတ်ခြင်း၊ နေရာမချတတ်ခြင်း ဖြစ်ပါသည်။

ဘောလုံးလောကတွင် ကြည့်ပါ။ အသင်းတစ်သင်းမှ နည်းပြနှင့်သော်လည်းကောင်း ခင်မင်ရင်းနှီးပါက ဆွေမျိုးတော်စပ်ပါက ခေါ်သည်။ နေရာပေးသည်။ ဘောလုံးကစားခြင်း ပညာကို မည်မျှပင် တတ်ကျွမ်းကျင်ပါစေ အဆက်အသွယ်ကောင်းကောင်း မရှိပါက ထိုအသင်းတစ်သင်းတွင် နေရာရဖို့ မလွယ်ကူခဲ့။ မရခဲ့။ မြန်မာ့ဘောလုံးလောက မအောင်မြင်သည်မှာ နီးစပ်ရာ၊ ခင်ရာမင်ရာ လက်သိပ်ထိုးနေရာပေးပြီးပါဝင်ကစားစေခြင်းကလည်း လူမှန်နေရာမှန်မထားဘဲ ပေးနိုင်ကမ်းနိုင်မှ ပါဝင်ခွင့် ရခဲ့သည်။ နောက်တော့မျိုးဆက်နှင့်ချီပြီး မြန်မာ့ဘောလုံးလောက နောက်ကျကျန်ရစ်ခဲ့ရသည်။

နည်းပြနှင့်မခင်လျှင် နေရာရဖို့မလွယ်။ နေရာမပေး။ ကိုယ့်လူမျိုးကိုယ့်နိုင်ငံအရေး မတွေး၊ မကြည့်။ ငါ့လူ၊ ငါ့သား၊ ငါ့တူ၊ ငါ့သမီး၊ ငါ့မိဖုရားကောင်းစားရေး အတ္တသမားများ၏ အောက်ဝယ် ဘောလုံးလောကသာမက အခြားတိုင်းပြည်၏ တိုးတက်မှုအခွင့်အရေးများ ဆုံးရှုံးခဲ့ကြရသည်။

စင်္ကာပူနိုင်ငံသားစာရေးဆရာ ကီရှိုးမာဘူဘာနီ၏ MPH ကို သတိရမိပါသည်။

ယခု MPH ဆိုသည် တစ်နာရီအတွင်း ပေါက်သောခရီးမိုင်နှုန်းကို မဆိုလိုပါ။

M - Meritocracy (အရည်အသွေးအလျောက် မြှောက်စားသော စနစ်)

P - Peace (ငြိမ်းချမ်းရေး)

H - Happy (ပျော်ရွှင်မှု)

ထိုသုံးခုသည် တိုင်းပြည်တစ်ခုအတွက် အရေးကြီးသည်ဟု ကီရှိုးမာဘူဘာနီက ဆိုပါသည်။

အရည်အသွေးအလျောက်မြှောက်စားသောစနစ် ဟူသည့်စနစ် မရှိသေးသရွေ့ တိုင်းပြည်တစ်ခု၏ အရွေ့သည် ခရီးပေါက်ရောက်လိမ့်မည်မဟုတ်ပါ။ ငါနဲ့ခင်မှ နေရာပေး၊ ဟိုလူသည်လူအကပ်ကောင်းမှ နေရာပေး၊ ဘာပေးညာပေးနိုင်လျှင် နေရာနှင့်ရာထူးပေးတတ်သော အလေ့အထရှိနေသမျှ တိုင်းပြည်၏အရွေ့သည် နှောင့်နှေးနေပါဦးမည်။ ထိုအခါ ငြိမ်းချမ်းရေးလည်း မရှိနိုင်။ ထိုအခါ ပျော်ရွှင်မှုလည်း မရှိနိုင်။

တိုင်းပြည်တစ်ပြည် အတွက်လူမှန်နေရာမှန် အရေးကြီးသည်။ Meritocracy စနစ် မထွန်းကားသမျှတော့ ဘယ်ပါတီ ဘယ်အဖွဲ့အစည်းပဲ ရွေးကောက်ပွဲ နိုင်နိုင် တိုင်းပြည်သည် ဆင်းရဲတွင်းမှ ထွက်နိုင်ဦးမည်မဟုတ်ပါ။ NLD ပါတီအနေဖြင့်လည်း ရွေးကောက်ပွဲနိုင်၍ အစိုးရဖြစ်သော်လည်း လူမှန်နေရာမှန်ချ၍ ကစားကွက်မဖော်နိုင်သေးလျှင်တော့ ယခင်အစိုးရအတိုင်းပါပဲဟူသော ထင်မြင်ယူဆချက်များနှင့် ရင်ဆိုင်ရဦးမည်ဖြစ်ပါသည်။

ခင်ရာမင်ရာ နေရာပေးသည့်စနစ် မရှိသင့်တော့ပါ။ အားမနာသင့်ပါ။ လူမှန်နေရာမှန်ဖို့က ပိုအရေးကြီးပါသည်။ မလုပ်၊ မရှုပ်၊ မပြုတ်နေတတ်သူများကို ဖယ်ရှားဖို့လိုသည်။ သူ့လူကိုယ့်ဘက်သား လုပ်နေကြသည့်လူများ ရှိနေသည်လား။ ထိုအချက်ကိုလည်း သတိပြုကြရမည်။ အစိုးရဌာနများတွင်သာ မဟုတ်ပါ။ အဖွဲ့အစည်းအသီးသီး၊ လုပ်ငန်းဌာနအသီးသီး၌ပင် လူမှန်နေရာမှန်မထားရှိဘဲ ခင်ရာမင်ရာ နီးစပ်ရာ၊ အကပ်ကောင်းရာ ထားနေပါက အကျအဆုံးများနှင့် ရင်ဆိုင်ရပါလိမ့်မည်။

၃။

ငါးကို သစ်ပင်တက်ခိုင်းသည့် အကြောင်းနှင့် ပတ်သက်၍ ၂၀ ရာစု၏ အထူးချွန်ဆုံး သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း၏ စကားတစ်ခုဖတ်မိခဲ့သည်ကို သတိရမိ၏။

အိုင်းစတိုင်းက ပြောသည်။

"လူတိုင်းဟာ Genius ပါရမီရှင်တွေ၊ ဉာဏ်ကြီးတဲ့သူတွေချည်းပဲ။ ဒါပေမဲ့ ငါးတစ်ကောင်ရဲ့ အရည်အချင်းကို မင်းက သစ်ပင်တက်နိုင်တဲ့ စွမ်းရည်နဲ့ ဆုံးဖြတ်မယ်ဆိုရင်တော့ ငါးဟာ ငါအသုံးမကျပါလားဆိုတဲ့စိတ်နဲ့ပဲ တစ်သက်လုံး နေသွားရလိမ့်မယ်"ဟူ၏။

အိုင်းစတိုင်း စကားကလည်း လူမှန်နေရာမှန် မရှိခြင်းကိုပင် ဆိုလိုချင်ပုံ ရပါသည်။ ငါးက ရေကူးကျွမ်းသည်။ သူ့နယ်ပယ်က ရေ။ မြစ်။ ချောင်း။ ပင်လယ်။ ထိုစိတ်မျိုးရှိသော သတ္တဝါကို သစ်ပင်တက်ခိုင်းခြင်းသည် အသုံးမကျသူတို့၏ အလုပ်။ လူမိုက်တို့၏ အလုပ်။ ဉာဏ်ပညာနည်းပါးသူတို့၏ အလုပ်။

ငါးတွေကို ရေကူးပါစေတော့။

အက ဝါသနာပါသူကို ကခိုင်းပါစေတော့။

ပန်းချီရေးချင်သူကို ပန်းချီရေးပါစေတော့။

ဆေးဝါးကျွမ်းကျင်သူကို ဆေးဝါး ကျွမ်းကျင်ပါစေတော့။

လမ်းတံတားက လူကို လမ်းတံတားမှာ နေရာပေးပါတော့။

ကျောင်းဆရာကို ကျောင်းဆရာနေရာမှာ ထားပါတော့။

အားကစားက လူကို အားကစားမှာထားပါတော့။

မီးရထားကလူကို မီးရထားမှာ ထားပါတော့။

ရဲသားက ရဲသားနေရာ နေပါပေ့။

စစ်သားက စစ်သားနေရာ နေပါပေ့။

တပ်မတော်သားက တပ်မတော်သားနေရာ နေပါပေ့။

ပျိုးပင်များကို နေရာမှန်ရှင်သန်ပါစေတော့။

မိတ်ကပ်က ခေါင်းပေါ်ရောက်နေလျှင် အမှိုက်ဖြစ်ပါသည်။ နှုတ်ခမ်းနီက ပါးမှာရှိနေလျှင် အညစ်အကြေးဖြစ်ပါသည်။ ဝက်သားတုံးကပန်းကန်ထဲမရှိဘဲ မြေကြီးပေါ် ရောက်သွားပါက အညစ်အကြေးဖြစ်ပါသည်။ သူ့နေရာနှင့်သူရှိမှ တန်ဖိုးရှိပါသည်။

သို့မဟုတ်ပါလျှင်

ငါးကို သစ်ပင်တက်ခိုင်းနေကြသော ကျွန်တော်တို့နိုင်ငံသည် . . . . .။ ။

စောနဒီ(မြစ်ကြီးနား)

# မိုင်းရှင်းလင်းရေး လုပ်ပြီးမှသာ မိမိနေရပ်သို့ ပြန်နိုင်မည်ဖြစ်ကြောင်း နမ္မတီးစစ်ရှောင်ပြည်သူများပြော

ဖေဖော်ဝါရီ ၁၄

နမ္မတီးကျေးရွာရှိ စစ်ရှောင်စခန်း(၃)ခုတွင် ခေတ္တတိမ်းရှောင်နေကြသော စစ်ရှောင်များသည် မိမိနေရပ်သို့ မပြန်နိုင်ဖြစ်နေရသည်မှာ ရွာတွင်း၌ နှစ်ဖက်လက်နက်ကိုင်များ ထောင်ထားသည့် မြေမြှုပ်မိုင်းကြောင့် ဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ရွာအတွင်း ကျန်ရှိခဲ့သည့် တိရစ္ဆာန်များသည် မိုင်းနင်းမိ၍ ခြေပြတ်၊ လက်ပြတ်ဖြစ်သေဆုံးနေရသည့်အပြင် မိမိ၏အိမ်ယာများအား ပျက်စီးမှု ရှိမရှိ သိရှိလိုသောကြောင့် သွားရောက်ကြည့်ရှုချိန်တွင် လမ်းမကြီးဘေးတွင် သတိထားသွားလာနေရပြီး မြေမြှုပ်မိုင်းကြောင့် ခြေထောက်ဆုံးရှုံးခဲ့သူများလည်း ရှိနေကာ မိုင်းရှိနေသရွေ့ နေရပ်ပြန်ရေးမှာ မဖြစ်နိုင်သေးကြောင်း စစ်ရှောင်များက ပြောသည်။

"ကိုယ့်အိမ်ကိုယ့်ခြံရှိတဲ့နေရာကို မပြန်ချင်တဲ့သူ ဘယ်သူရှိမလဲ။ ပြန်ချင်တာပေါ့။ မိုးကာတဲထဲမှာ ဘယ်သူက နေချင်မှာလဲ။ သူတို့အနေနဲ့ မပြန်ခဲ့ဖူးတာ မဟုတ်ဘူး။ ဒီမှာပြန်လာနေတာက ဒုတိယအကြိမ် ဟုတ်တယ်။ အခု သူတို့ပြန်မယ်ဆိုရင်လည်း ပြန်ဖြစ်မှာကို စိုးလို့ မပြန်ကြတာ။ အခုလည်း ပြန်ချင်တယ်၊ ကြောက်နေလို့သာ မပြန်တာ။ အဓိကတော့ မိုင်းပဲ"ဟု ကဆုန့်စစ်ရှောင် အမျိုးသားတစ်ဦးက ပြောသည်။

ထို့အပြင် စစ်ရှောင်များ နေရပ်ပြန်နိုင်ရန် တပ်မတော်မှ မိုင်းရှင်းလင်းပေးမည်ဟု ပြောဆိုသော်လည်း ၎င်းတို့၏ ၁၀ လခန့် စစ်ရှောင်နေသည့် ကာလအတွင်း ပျက်ဆီးနေသည့် နေအိမ်များအား ပြန်လည်ဆောက်လုပ်ရဦးမည် ဖြစ်သောကြောင့် လတ်တလော ပြန်နိုင်ရေး မလွယ်ကူသေးကြောင်းလည်း ဆိုသည်။

"အခု သူတို့ပြန်မယ်ဆိုရင်လည်း ပြန်နေဖို့ အိမ်ကပျက်စီးနေပြီ။ သစ်သားတွေ၊ သွပ်တွေနဲ့လုပ်ထားတဲ့ အိမ်က အနည်းအကျဉ်းပဲ ရှိတာ။ ကျန်တာက ဝါးအိမ်တွေ ဟုတ်တယ်။ လူမနေတော့ ပျက်စီးနေပြီလေ။ သူတို့ ပြန်ဖို့ကတော့ နှစ်ဖက်သောလက်နက်ကိုင်တွေအနေနဲ့ အိမ်တွေဆောက်ပေး၊ လမ်းတွေလုပ်ပေးဖို့ လိုတယ်။"ဟု နမ္မတီး RC စစ်ရှောင်စခန်းတာဝန်ခံ ဦးဘောမ်ယော်က ပြောသည်။



စစ်ရှောင်များ နေရပ်ပြန်ပါက မိမိတို့တောင်ယာများတွင်သာ ပြန်လည်လုပ်ကိုင်စားသောက်ရမည် ဖြစ်သည့်အတွက် တောင်ယာများတွင်လည်းမိုင်းရှင်းလင်းပေးရန်လည်း လိုအပ်ကြောင်း၊ သို့မှသာ လုပ်ကိုင်စားသောက်ရန်မှာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊၎င်းတို့ ပြန်ပြီးပါက စားစရာထောက်ပံ့ပေးရန်လည်း လိုအပ်ကြောင်းနှင့် လုံခြုံစိတ်ချစွာ နေထိုင်သွားလာနိုင်ရေးအတွက် လုံခြုံရေးလည်း ချပေးစေလိုကြောင်းလည်း ဦးဘောမ်ယော်က ဆက်လက်တောင်းဆိုခဲ့သည်။

"စစ်ရှောင်တွေ အားလုံးရဲ့ ပုံတွေ သက်သေယူနေကြတယ်။ ကျွန်တော်တို့ မပြန်ဖူးတာ မဟုတ်ဘူး။ ပြန်ခဲ့ပြီးပြီ။ ဒါပေမယ့် နေထိုင်လို့မရသေးလို့ တစ်ခေါက်ပြန်လာကြတာဖြစ်တယ်။ ဒါကြောင့် စစ်မှန်တဲ့ ငြိမ်းချမ်းရေး မရသရွေ့တော့ ပြန်မယ်ဆိုတာကတော့ မဖြစ်နိုင်သေးဘူး" ဟု ကဆုန့်စစ်ရှောင်စခန်းမှ သင်းထောက် ဦးဇော်ခေါင်က ပြောသည်။

နမ္မတီးကျေးရွာရှိ RC စစ်ရှောင်စခန်း၊ KBC စစ်ရှောင်စခန်းနှင့် ဇွမ်မိုင်ယန်စစ်ရှောင်စခန်း စသည့် စခန်း (၃)ခုတွင် အောင်လောဒ်၊ ကဆုန့်၊ ဇွမ်မိုင်၊ နန်ဘရူ စသည့် ကျေးရွာများမှဖြစ်ပြီး အခြားနီးစပ်ရာ ကျေးရွာများမှာလည်း တိမ်းရှောင်နေထိုင်လျက်ရှိပြီး စစ်ရှောင်ဦးရေ ၁၁၇၆ ဦး ရှိကြောင်းလည်း သိရသည်။

မွန်းမွန်းပန်

# သွေးလှူရှင်အသစ်များ ထပ်တိုးလာစေရန် သွေးလှူဒါန်းပွဲပြုလုပ်

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၁၄

အငှမအကြိမ်မြောက် ကျင်းပသော သွေးလှူဒါန်းပွဲကို မြစ်ကြီးနားမြို့ပေါ်ရှိ ပရဟိတအသင်းအဖွဲ့များ စုပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉နာရီတွင် မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျင်းပခဲ့သည်။

ယင်း သွေးလှူဒါန်းပွဲကို မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးတွင် လေးလတစ်ကြိမ် ပုံမှန်လှူဒါန်းပွဲများ ကျင်းပခဲ့ပြီး မြစ်ကြီးနားမြို့ပေါ်ရှိသွေးလှူရှင်များမှ လာရောက် လှူဒါန်းကြခြင်း ဖြစ်သည်။



သွေးလှူရှင်များမှ လှူဒါန်းထားသော သွေးများကို လိုအပ်သောလူနာများမှ အခမဲ့ လာရောက် ယူနိုင်ကြောင်း၊ သွေးလှူဘဏ်တွင် သွေးများ လုံလုံလောက်လောက်ရှိပါက လူနာများအတွက် ပိုမိုအဆင်ပြေနိုင်ကြောင်းကို ရောဂါဗေဒဌာနနှင့် သွေးလှူဘဏ် အထူးကုဆရာဝန် ဒေါက်တာသန်းထွန်းအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"သွေးလှူဘဏ်မှာ သွေးအဆင်သင့် မရှိနေရင် လူနာတွေက သွေးလှူရှင်တွေပြန်ရှာရတယ်။ ဟိုအဝေးက လာတာတို့၊ လူနာစောင့်မရှိတာတို့ဆိုရင် အခက်အခဲတွေရှိတယ်"ဟု ၎င်းက ပြောသည်။

သွေးလှူဒါန်းပွဲများ ပြုလုပ်ခြင်းဖြင့် သွေးအလှူရှင်များ ပိုမိုများပြားလာစေရန်နှင့် သွေးလိုအပ်နေသော လူနာများအတွက်လည်း အဆင်ပြေစေရန်အတွက် ရည်ရွယ်ကာ ပရဟိတအသင်းများစုပေါင်း၍ ကျင်းပရခြင်း ဖြစ်ကြောင်း ဒေါက်တာသန်းထွန်းအောင်က ဆက်လက်ပြောသည်။

"အဓိကကတော့ ကျွန်တော်တို့က ပွဲလုပ်တယ်ဆိုတာ သွေးလှူရှင်အသစ်တွေ ထပ်တိုးလာစေချင်တာပေါ့။ တချို့က သွေးလှူရမှာကို ကြောက်ကြတယ်။ အဲ့ဒီလို ပွဲလုပ်တာကြောင့် လူအများကြီးလာလှူတော့ ဘာမှမဖြစ်ဘူးဆိုတာ မြင်လာတယ်"ဟု ၎င်းက ပြောသည်။

ယခင်နှစ်တွင် သွေးလှူဒါန်းပွဲများမှ ရရှိသော သွေးပမာဏသည် တစ်နှစ်လုံးရှိ သွေးလှူရှင်များမှ ရရှိသော သွေးပမာဏ၏ ၂၈ ရာခိုင်နှုန်းထိ ရရှိလာကာ လွန်ခဲ့သည့် နှစ်များကထက် တိုးလာကြောင်း သိရသည်။

သွေးလှူရှင်များ သည် ကျန်းမာရေးကောင်းမွန်ပြီး အသက် ၁၈ နှစ်မှ ၆၅ နှစ်အတွင်း ဖြစ်ရမည်ဖြစ်ပြီး သွေးလှူရှင်များကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ ယခင်နှစ်များတွင် သွေးလှူရှင်များအတွက် ဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ လကုန်ပိုင်းတွင်လည်း လူဦးရေ ၅၀၀ခန့် ကို ဘီပိုးကာကွယ်ဆေး ထိုးပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

Ann

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
မြစ်ကြီးနားသတင်းဂျာနယ်
( ဖေဖော်ဝါရီ ၁၈ ၊ ၂၀၁၉ )

# မြန်မာပြည် မြောက်ဖျားဘက်မှ တောင်ဘက်ဖျားထိ စက်ဘီးစီးခရီးနှင်နေသူ ဝင်းကိုကို

Salai မေးမြန်းသည်။



*ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သည့် ဧဝရက်တောင်ကို ပထမဆုံး အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သူ ကိုဝင်းကိုကိုသည် မြန်မာပြည် မြောက်ဖျားပိုင်း ပူတာအိုဒေသမှ တောင်ဘက်ပိုင်း ကော့သောင်းမြို့အထိ စက်ဘီးစီး ခရီးနှင်နေပါသည်။ မြန်မာပြည်မြောက်ဖျားပိုင်း ပူတာအိုဒေသရှိ ထိပ်ဆုံးရွာတစ်ရွာဖြစ်သည့် မဒိန်ကျေးရွာမှ ဇန်နဝါရီ လ ၁ ရက်နေ့တွင် စတင်ထွက်ခွာလာပြီး မြစ်ကြီးနားသို့ ဖေဖော်ဝါရီ ၈ ရက်နေ့ ရောက်ရှိလာခဲ့သော ကိုဝင်းကိုကို ကို မြစ်ကြီးနားသတင်း ဂျာနယ်မှ ယခုခရီးစဉ်နှင့်ပတ်သက်ပြီး တွေ့ဆုံ မေးမြန်းထားပါသည်။*

**အစ်ကို့ရဲ့ မြန်မာပြည် မြောက်ဖျားပိုင်း ခရီးစဉ်ကို ပြောပြပေးပါအုံး။**

ကျွန်တော်က မြန်မာပြည်မြောက်ဖျားက နောက်ဆုံးရွာ၊ နောက်ဘက်စွန်းရွာဖြစ်တဲ့ မဒိန်းရွာကနေ စတယ်ပေါ့။ စစချင်းကတော့ ရန်ကုန်ကနေ မန္တလေးကို ရထားနဲ့သွားတယ်။ ပြီးရင် မန္တလေးကနေ ပူတာအိုအထိကို လေယာဉ်နဲ့ ကျွန်တော်က တောင်တက်တဲ့ ပစ္စည်းနဲ့ စက်ဘီးပါလာတယ်။ ပူတာအိုကနေ ပန်နန်းဒင်ကို ကားနဲ့ သွားတယ်။ ပန်နန်းဒင်ကနေ စက်ဘီးဆင်ပြီးတော့ နှစ်ရွာကျော်ကျော် အထိ သွားတဲ့အခါ လမ်းက မရတော့ဘူး။ မိုးကျတဲ့အခါ တံတားတွေ ပျက်တယ်။ မြေပြို၊ တောင်ပြိုထားတာတွေနဲ့ဆိုတော့ ချောက်တွေ ချောင်းတွေ ဖြတ်ရတော့ စက်ဘီးက သယ်လို့ အဆင်မပြေတော့ဘူး။ စက်ဘီးထားခဲ့ပြီးတော့ ခြေလျင်ခရီးကို မြောက်ဖျားအစွန်းဆုံး မဒိန်းကျေးရွာအထိ သွားခဲ့ကြတယ်။ မဒိန်းရွာဆိုတာက တိဗက်လူမျိုးတွေနေထိုင်တဲ့ မြန်မာပြည် မြောက်ဖျား နောက်ဆုံးရွာအထိကို ခြေလျင်ခရီး သွားခဲ့တယ်။ အပြန်မှာ ပန်နန်းဒင်ကနေ စပြီး စက်ဘီးစီးတယ်။ ပန်နန်းဒင်ကနေ ပူတာအို၊ ပူတာအိုကနေ မြစ်ကြီးနားအထိ စက်ဘီးနဲ့ပဲ။

**မြစ်ကြီးနားရောက်ပြီ ဆိုတော့ ဘယ်ကို ဆက်ပြီးသွားဖို့ ရှိမလဲခင်ဗျ။**

မြစ်ကြီးနားကနေဆိုရင် အင်းတော်ကြီး၊ ဇလုံတောင်တို့ကို ကျည်တောက်ပေါက်တို့ဘက်ကို သွားပြီး မန္တလေးကို ပြန်ဝင်မယ်။ ပြီးရင် စစ်ကိုင်းဘက်ကနေ ပြန်ထွက်ပြီးတော့ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားပြီးတော့ မိတ္ထီလာဘက်ကနေ ရှမ်းပြည်ဘက်ကို ပြန်တက်မယ်။ ရှမ်းပြည်ကနေဆိုရင် ကယားပြည်နယ် လွိုင်ကော်သွားမယ်။ ပြီးရင် တောင်ငူကို ပြန်ဆင်းမယ်။ တောင်ငူကနေပြီးမှ တစ်ဆင့် ညောင်လေးပင်၊ အဲ့ဒီကနေ ရန်ကုန်ကို ပြန်ဝင်မယ်။ ရန်ကုန်ကနေ ပဲခူးကို ပြန်ထွက်ပြီးတော့ မြန်မာပြည်ရဲ့ တောင်ဘက်ပိုင်း ကျိုက်ထို၊ ဘားအံ သွားပြီးရင် တနင်္သာရီတိုင်းဘက်၊ ကော့သောင်းဘက်တွေ ဆက်သွားဖို့ ခရီးစဉ်ရှိတယ်။ မြန်မာပြည်မြောက်ဖျားကနေ တောင်ဖျားအထိ ခရီးစဉ်ပေါ့။

**ဒီလိုစက်ဘီးနဲ့ခရီးစဉ် သွားရတဲ့ အစ်ကို့ရဲ့ ရည်ရွယ်ချက်ကိုလည်း ပြောပြပေးပါဦး။**

ရေ၊ မြေ၊ တောတောင် သဘာဝ အခြေခံအားကစားဖွံ့ဖြိုးဖို့အတွက်ပါ။ ဒီ အားကစားတွေဆိုတာက စက်ဘီးစီးလို့ရမယ့်နေရာ၊ လှေလှော်လို့ရမယ့်နေရာ၊ ကျောက်တွေတက်လို့ရမယ့်နေရာ၊ တခြား ရေ၊ မြေ၊ တောတောင် သဘာဝ အားကစားတွေ ပြုလုပ်လို့ရမယ့် နေရာတွေကို မှတ်တမ်းပြုစုတာပါ။ အဲ့ဒီအတွက်ကြောင့် မှတ်တမ်းကောင်းကောင်းတစ်ခု ရခဲ့မယ်ဆိုရင် မြန်မာနိုင်ငံမှာ ဘယ်နေရာမှာ ဘယ်လိုအားကစားတွေ လုပ်လို့ရတယ်။ ခရီးသွားလုပ်ငန်းတွေလည်း ပိုမိုတိုးတက်ဖို့အတွက် ပြီးရင် လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်ဖို့၊ စွန့်စားမယ့် ရေ၊ မြေ၊ တော၊ တောင် သဘာဝ အားကစားကို မြန်မာနိုင်ငံမှာ ပြန့်ပွားဖို့ အဓိက ဒီလို ရည်ရွယ်ချက်တွေနဲ့ သွားလာဖြစ်တာပါ။

**မြန်မာပြည် မြောက်ဖျားကနေ ဘယ်နေ့ကစပြီးခရီးနှင်ခဲ့လဲခင်ဗျ။ အစ်ကို တစ်ယောက်တည်းလား။**

ပန်နန်းဒင်ကနေ ဇန်နဝါရီ ၁ ရက်နေ့ကစပြီး ထွက်ခဲ့ကြတယ်။ မြစ်ကြီးနားကို ဖေဖော်ဝါရီ ၈ ရက်နေ့က ရောက်တယ်။ ၁၀ ရက်နေ့ နောက်ပိုင်း အင်းတော်ကြီးဘက်ကို ပြန်သွားမယ်။ လူဦးရေကတော့ ကျွန်တော်တစ်ယောက်တည်း ပထမက မြောက်ဖျားဘက်ကို သွားတော့ တောင်တက်တဲ့ သူငယ်ချင်း ကျွန်တော်အပါအဝင် ၄ ယောက် အဲ့ ၄ ယောက်မှာ တစ်ယောက်ကတော့ နဂိုကတည်းက စက်ဘီးမစီးဘူး။ တောင်ပဲတက်မယ်ဆိုပြီး ပူတာအိုမှာနေခဲ့တယ်။ ကျန်တဲ့နှစ်ယောက်နဲ့ ကျွန်တော်တို့က ပူတာအိုကနေ စက်ဘီးစီးလာတဲ့အချိန်မှာ လမ်းတွေက တော်တော်ဆိုးတော့။ ဟိုဘက်ကနေ ပူတာအိုကို လာတဲ့လမ်းကလည်း ဆိုးတယ်။ ပူတာအိုကနေ မြစ်ကြီးနားကို လာတဲ့လမ်းကလည်း ဆိုးတော့ တစ်ယောက်ရဲ့ စက်ဘီးက ဂွေလိမ်သွားတယ်။ ဆက်စီးလို့ မရတော့ဘူး။ နောက်တစ်ယောက်ရဲ့ စက်ဘီးကတော့ ပစ္စည်းတွေတင်တဲ့ ကယ်ရီယာပေါ့။ အဲ့ကောင်က ကျိုးသွားတော့ ပစ္စည်းတင်မရတော့ ပူတာအိုကို ဖုန်းဆက်၊ ကားလာကြိုခိုင်းပြီးတော့ မိုင် ၃၀ လောက်မှာ ပြန်ပြီးခေါက်သွားတယ်။ ကျွန်တော်ကတော့ နဂိုရည်မှန်းချက် ခရီးစဉ်အတိုင်း စက်ဘီးအနေအထား၊ ကိုယ့်ရဲ့ကျန်းမာရေးအနေအထားအရ ကောင်းလို့ ဆက်ပြီးတော့ ထွက်လာခဲ့တာပေါ့။

**လမ်းခရီးမှာ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရလဲခင်ဗျ။**

အခက်အခဲတွေကတော့ အမျိုးမျိုးပဲ ခင်ဗျ။ လမ်းတောက်လျှောက်မှာတော့ တစ်မျိုးနဲ့တစ်မျိုး မတူဘူး။ စက်ဘီးနဲ့ တောတောင်တွေမှာ ဖြတ်သန်းရတယ်ဆိုတော့ အခက်အခဲကတော့ ပေါင်းစုံပါပဲ။

**အစ်ကို့ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ရေ၊မြေ၊တော၊တောင် သဘာဝအခြေခံ အားကစားအတွက်ရော မြန်မာပြည် မြောက်ဖျားပိုင်းက ကချင်ပြည်နယ်မှာ အားကစားလုပ်လို့ရမယ့် နေရာကောင်းတွေ ရှာတွေ့ခဲ့လား ခင်ဗျ။**

အားကစား လုပ်လို့ရတဲ့ နေရာတွေ အများကြီးတွေ့ခဲ့ပါတယ်။ ကျွန်တော်က နီပေါ၊ အန္ဒိယ၊ တရုတ်၊ ထိုင်း၊ အဲ့ဒီဘက်တွေ အကုန်လုံးကို ရောက်ဖူးတော့ ဒီမှာ အားကစားလုပ်လို့ရမယ့် နေရာတွေ ဖော်ထုတ်ပေးချင်တာ။ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ထုတ်ပေးချင်တာ။ ဆိုတော့ ဒီမှာ လုပ်လို့ရမယ့် အားကစားနေရာတွေ မှတ်တမ်းပြုစုထားတယ်။ အများကြီးပဲ တွေ့ခဲ့တယ်။ ဒီဒေသမှာဆိုရင် လှေလှော်လို့ ရမယ်။ စက်ဘီးတွေ စီးလို့ရမယ်။ တောင်တွေ တက်လို့ရတယ်။ ရေခဲတောင်တွေရော အများကြီးပါပဲ၊ တွေ့ခဲ့ပါတယ်ခင်ဗျ။

**ဒီ တွေ့ရှိခဲ့တာတွေအတွက် ဘယ်လိုဆက်လုပ်သွားဖို့ ရှိမလဲ။**

ကျွန်တော် စာတမ်းပြုစုမယ်။ ပြီးရင် နိုင်ငံတော်ကို တင်ပြမှာ၊ ကျန်တာကတော့ နိုင်ငံတော်ရဲ့ ဖော်ထုတ်တဲ့အပိုင်းပေါ့။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျ။**

ကျေးဇူးပါပဲ ခင်ဗျ။









# ကချင်ရုပ်ရှင် ဇာတ်ကားကြီးကို အကယ်ဒမီမြင့်မြတ်နဲ့ ပူတာအို ရေခဲတောင်ပေါ်မှာ ရိုက်ကူးမယ်



မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၁၂

ဇာတ်လမ်းနှင့် ဒါရိုက်တာအဖြစ် JZ ဒေါင်လွှမ်းမှ ပုံဖော်ရိုက်ကူးမည့် 'နှင်းပွင့်စေရာ' ကချင်ရုပ်ရှင်ဇာတ်ကားကြီးကို မြန်မာ့ရုပ်ရှင်လောကမှ နာမည်ကြီးသရုပ်ဆောင်ကြီးများနှင့် အတူ ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ရေခဲတောင်ပေါ်ဒေသတွင် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် ပူတာအို ရေခဲတောင်သဘာဝ အလှရှုခင်းများနှင့် တိုင်းရင်းသားဒေသခံများဖြစ်ကြသော ရဝမ်၊ လီဆူမျိုးနွယ်စုများ၏ စိတ်နေသဘောထားများကို အဓိကထား၍ ပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

၎င်းဇာတ်ကားကြီးတွင် ပူတာအို ရေခဲတောင်ပေါ်ဒေသ၏ သဘာဝအလှတရားများ၊ ဒေသခံတိုင်းရင်းသားများ၏ နေထိုင်မှုပုံစံများသာမက အချစ်ဇာတ်လမ်း၊ စွန့်စားခန်းများလည်း ထည့်သွင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ JZ ဒေါင်လွှမ်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"မြန်မာဘက်ကတော့ ခတ်ပုံဆရာတွေ ဖြစ်မယ်။ သူတို့က ရေခဲတောင်ကို လာပြီး ခတ်ပုံလာရိုက်တဲ့အချိန် ရဝမ်တွေက အထမ်းသမား လုပ်တယ်။ လီဆူတွေက မုဆိုး၊ သူတို့ကြားထဲမှာ ပြဿနာဖြစ်တာကို ရိုက်ကူးထားတာ။ ရဝမ်တွေက အထမ်းသမား၊ လီဆူတွေက မုဆိုးဖြစ်မယ်။ အဓိက ကတော့ အချစ်ဇာတ်ဝင်ခန်းတွေ ပါမယ်။ ရေခဲတောင်မှာ ရိုက်မှာဆိုတော့ စွန့်စားခန်းတွေ ပါမှာပေါ့"ဟု ဒေါင်လွှမ်းက ပြောသည်။

၎င်းတွင် သရုပ်ဆောင်များအဖြစ် မြန်မာ့ရုပ်ရှင်လောကမှ နာမည်ကြီးသရုပ်ဆောင် မြင့်မြတ်၊ ကေညီ၊ ငြိမ်းသော်၊ ယုန်လေး၊ သင်ဇာဝင့်ကျော်၊ ဒေါင်လွှမ်း၊ L ဘောက်နူးနှင့် ရဝမ် အနုပညာရှင်လူငယ်များ၊ လီဆူ အနုပညာရှင် လူငယ်များ ပါဝင်ရိုက်ကူးသွားမည် ဖြစ်သည်။

ကချင်တိုင်းရင်းသား မျိုးနွယ်စုဝင် ရဝမ်၊ လီဆူမျိုးနွယ်စုများ၏ စိတ်နေသဘောထားကို အဓိက ပုံဖော်လိုသော ရည်ရွယ်ချက်ဖြင့် ရိုက်ကူးသွားမည့် ယင်းဇာတ်ကားကြီးကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှစ၍ တစ်လခန့်ကြာ ရိုက်ကူးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

Benadeth

# မြစ်ကြီးနားမြို့ ဆမားလမ်းဆုံတွင် သိန်းထောင်ချီ တန်ဖိုးရှိ ကျောက်စိမ်းတုံးကြီးစိုက်ထူ

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၁၂

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်စိမ်းအလှူရှင် ဒေါက်တာဘွမ်ယွန်၏ ကျပ်သိန်းထောင်ချီ တန်သော ကျောက်စိမ်းတုံးကို မြစ်ကြီးနားမြို့ ဇရာရပ်ကွက် ဆမားလမ်းဆုံတွင် စိုက်ထူလိုက်ကြောင်း သိရသည်။

အဆိုပါကျောက်စိမ်းတုံးကြီး စိုက်ထူခြင်းအခမ်းအနားကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကာ ဖွင့်လှစ်ခဲ့သည်။

တန်ဖိုးကြီး ကျောက်စိမ်းကို မိမိ၏လူမျိုး၊ မိမိ၏ဒေသ၊ မိမိ၏ နိုင်ငံတော်အတွက် ပြန်လည် လှူဒါန်းခွင့် ရသည့်အတွက် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်မိကြောင်း ကချင် ကျောက်စိမ်းသူဌေး ဒေါက်တာဘွန်ယွန်က ပြောသည်။

"ကျောက်စိမ်း ဆိုတာ ကချင်ပြည်နယ်ရဲ့ မြို့ပြဂုဏ် ဖြစ်တယ်။ ကျွန်တော်တို့ ဒီလိုမျိုး ထားနိုင်တယ်ဆိုရင် ဘယ်သူတွေက ဘယ်က လာလာ အထင်သေးစရာ မရှိတော့ဘူး။ ကချင်ပြည်သူတွေရော သူများတွေရှေ့မှာ ဂုဏ်ရှိမယ်"ဟု ဒေါက်တာ ဘွန်ယွန်က ပြောသည်။

ယင်း ကျောက်စိမ်းတုံးကြီးမှာ အလေးချိန် ၉ တန်ကျော်ရှိပြီး ယခုလက်ရှိ ပေါက်ဈေး ကာလတန်ဖိုး သိန်းထောင်ချီရှိကြောင်း သိရသည်။

ထို့အပြင် ကချင်ပြည်နယ်၏ အထင်ကရနေရာများဖြစ်သော စစ်ကိုင်းတိုင်းနယ်စပ် နန့်စီးအောင်နှင့် မြစ်ကြီးနားမြို့ ဘူတာရုံရှေ့တွင်လည်း အစိုးရကသာ ခွင့်ပြုမည်ဆိုပါက နောက်ထပ် ကျောက်စိမ်းတုံးများကို စိုက်ထူသွားရန် အသင့်ရှိနေပြီဖြစ်ကြောင်း ဒေါက်တာဘွန်ယွန်မှ ဆက်လက်ပြောကြားသည်။

ကျောက်စိမ်းသူဌေး လှူဒါန်းသော ကျောက်စိမ်းတုံးကြီးများသည် ကချင်ပြည်နယ်လွှတ်တော်တွင် ကျောက်စိမ်းအသေး (၈) တုံး၊ မြစ်ကြီးနားတက္ကသိုလ်တွင် (၁)တုံး၊ လေဆိပ်တွင် ထားရှိသော အလေးချိန် တန်ချိန် ၆ တန်ကျော်တန် ကျောက်စိမ်းတုံးနှင့် ယခုမြစ်ကြီးနား ဆွမ်ပရာဘွမ်ဆမားလမ်းဆုံတွင် ထားရှိသော တန်ချိန် ၉ တန်ခန့်ရှိသော ကျောက်စိမ်းတုံးကြီးတို့ကို စိုက်ထူထားနိုင်ပြီးဖြစ်သည်။



Ah Je












# ရုပ်ရှင်အထူးဆုရပြီး ၂ နှစ် အကြာမှ ရုံတင်ပြသခွင့်ရတဲ့ မနောမြေမှ ကျောက်စိမ်းကမ္ဘာ

ဖေဖော်ဝါရီ ၁၁

ကချင်ပြည်နယ်ရှိ သဘာဝ အလှအပများနှင့် ကျောက်တူးသမားလေးများ၏ အကြောင်းကို ပုံဖော်ရိုက်ကူးထားပြီး ၂၀၁၆ခုနှစ်တွင် မြန်မာ့ရုပ်ရှင်အထူးဆု ရရှိခဲ့သည့် မနောမြေမှ ကျောက်စိမ်းကမ္ဘာ ရုပ်ရှင်ဇာတ်ကားကြီးကို ဖေဖော်ဝါရီလမှစတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ရုံတင်ပြသတော့မည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ JZ ဒေါင်လွှမ်းမှ ပုံဖော်ရိုက်ကူးထားသော အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးသည် ၂၀၁၃ ခုနှစ်တွင် စတင်ရိုက်ကူးခဲ့သော်လည်း ရုံတင်စနစ် အခက်အခဲများကြောင့် ယခုနှစ်မှသာ တစ်နိုင်ငံလုံး အတိုင်းအတာအထိ ပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် ကချင်အနုပညာရှင်များနှင့်သာ ရိုက်ကူးထားသော ဇာတ်လမ်းဖြစ်ပြီး နာမည်ကြီးသရုပ်ဆောင်များ ပါဝင်ရိုက်ကူးထားခြင်း မရှိသောကြောင့် တစ်နိုင်ငံလုံး ပြသနိုင်ရန် ကြန့်ကြာနေရခြင်း ဖြစ်ကြောင်း ဒါရိုက်တာ Jz ဒေါင်လွှမ်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ အနေနဲ့ အကယ်ဒမီ ဝင်အောင်လို့ မြစ်ကြီးနားနဲ့လားရှိုးမှာ အရင်ပြလိုက်တယ်။ တကယ်ဆိုရင် အကယ်ဒမီ ရပြီးတဲ့နောက် ပြရမှာ ဟုတ်တယ်။ ဒါပေမဲ့ သူတို့က ကျွန်တော်တို့အားလုံးက ကချင်တွေချည်းပဲ ဖြစ်နေတဲ့အခါကျတော့၊ နာမည်ကြီးသရုပ်ဆောင်တွေလည်း ဘယ်သူမှ မပါဘူးဆိုတော့ ဒီအတိုင်းထားထားပေးတာပေါ့။ ဒီ ၂၀၁၉ မှာမှ တစ်နိုင်ငံလုံး အတိုင်းအတာထိ ပြသနိုင်ခဲ့တာပါ"ဟု ဒေါင်လွှမ်းက ပြောသည်။

ပြည်တွင်းစစ် ဖြစ်ပွားနေချိန်နှင့် အခက်အခဲ အမျိုးမျိုးကြားမှ ရိုက်ကူးခဲ့သော မနောမြေမှ ကျောက်စိမ်းကမ္ဘာ ဇာတ်ကားကြီးသည် ၂၀၁၆ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်အထူးဆုကို ရရှိခဲ့ပြီးနောက် ယခုနှစ် ၂၀၁၉တွင် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ရုံတင်ပြသခွင့်ရပြီ ဖြစ်သောကြောင့် ဝမ်းသာမိကြောင်း ၎င်းက ဆက်လက်ပြောသည်။

"၂၀၁၃ မှာဆိုရင် စစ်က အရမ်းဖြစ်နေတော့ အဲ့ဒီလို ကြားထဲကနေ ရိုက်ကူးခဲ့ရတယ်။ ပြီးတော့ အဲ့အချိန်တုန်းကဆိုရင် ကျောက်စိမ်းဆိုရင် လက်နဲ့ပဲတူးရတယ်။ ကျွန်တော်တို့အနေနဲ့လည်း ချောက်ကမ်းပါးတွေမှာလည်းရိုက်ခဲ့ရတယ်။ အခုလို တစ်နိုင်ငံလုံး အတိုင်းအတာထိ ပြနိုင်တော့မှာဆိုတော့ အရမ်းလည်း ပျော်တယ်။ စိတ်လည်း ချမ်းသာတယ်" ဟု ၎င်းက ဆိုသည်။

၎င်း ရုပ်ရှင်ဇာတ်ကားကြီးတွင် ကချင်နာမည်ကြီးသရုပ်ဆောင်များဖြစ်သော JZ ဒေါင်လွှမ်း၊ မရန်ဆိုင်းနော်၊ G တိန့်ဆောင်၊ စောမ်စောမ်ပန်၊ အမ်ဂျာအောင်၊ ဂျာဆိုင်းအိန်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မြစ်ကြီးနား၊ လားရှိုးမြို့တွင် ပြသပြီးခဲ့ပြီဖြစ်ပြီး ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ အပါအဝင် မြို့နယ်အသီးသီးတွင် ပြသတော့မည် ဖြစ်ကြောင်း သိရသည်။

Benadeth